# တပည့်တော်များ

# အတွက်

# ဘုရားသခင်၏စီမံကိန်း

တပည့်တော်သစ်များကို စတင်တည်ဆောက်ခြင်းနှင့်ယုံကြည်သူများကို
ကြီးထွားစေခြင်းဆိုင်ရာ လက်စွဲစာအုပ်

**ကျေးဇူးတော်၏သတင်းကောင်း**

ခေတ်ကာလနှင့်ယဉ်ကျေးမှုများအထက် သာလွန်ထူးကဲသော
သမ္မာကျမ်းစာနည်းဥပဒေသများကိုအသုံးပြုခြင်း

Tim W. Bunn

**Third Edition, 2020**

Copyright © 2020 by New Foundations International

# တပည့်တော်များအတွက်ဘုရားသခင်၏စီမံကိန်း

Scripture quatotation indicated by ESV are taken from the English Standard Version.
Copyright © 2001 by Crossway, a publishing ministry of Good News Publishers.
All right reserved

ISBN: 978-0-692-15165-5

New Foundations International
http://www.newfoundationsinternational.org/
Please contact us or send request for information at:
newfoundationsinternational@gmail.com

# စာရေးသူ၏အမှာစကား

ကျွန်ုပ်သည် သာသနာတွင် လုပ်ဖော်ဆောင်ဖက်ဖြစ်သော ညီအစ်ကို Sherman Driver အားကျေးဇူးတင်ရှိပါသည်။ ခံစားရသောနာကျင်မှုနှင့်ပြင်းစွာသောဝေဒနာတို့ကြောင့် နိုင်ငံတကာသာသနာကွင်းများတွင် အစေခံနိုင်ခြင်းမရှိသော်လည်း၊ ယင်းဝေဒနာကို ခံစားလျှက် ***တပည့်တော်များအတွက်ဘုရားသခင်၏စီမံကိန်းလက်စွဲ*** အား အကြိမ် ပေါင်းများစွာပြင်ဆင်ကာ၊ စနစ်ကျအောင် လုပ်ဆောင်ခဲ့သူဖြစ်သည်။ ကမ္ဘာနှင့်တဝှမ်းတွင်ရှိသော အသင်းတော်များ အတွက် အထောက်အကူ ဖြစ်သော လုပ်ငန်းသုံးလက်စွဲအတွက် Sherman, Randy Matthews, Terry Manahan နှင့် Jonathan Cook တို့၏ထူးကဲသောပညာဖြင့် ဖေးမကာ၊ သမ္မာကျမ်းနှင့်ကိုက်ညီသော အမြင်သစ်တို့အတွက်လည်း အထူးကျေးဇူးတင်ပါသည်။ ကျွန်ုပ်ယုံကြည်ပါသည်။ သူတို့၏အကြံပေးချက်သည် တပည့်တော်တစ်ဦး၏ "သမ္မာကျမ်းလာတိုးတက်မှုဖြစ်စဉ်" တစ်ခုကိုသာ ဖြစ်ထွန်းအောင် လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ တပည့်တော်များအတွက် အကူအညီဖြစ်စေသော "ထိရောက်သောလုပ်ငန်းသုံးလက်စွဲ" တစ်ခုဖြစ်စေခဲ့ပါသည်။ အကြောင်းမူကား၊ ကောင်းကင်အောက် ၌ရှိသ မျှသော "ဝေနေယျသတ္တဝါတို့အား ဟောပြောသဖြင့်၊ သင်တို့သည် ကိုယ်တိုင်ကြားပြီးသော ဧဝံဂေလိတရား၏ မျှော်လင့်ခြင်း မှမရွေ့လျော့ဘဲ၊ တိုက်မြစ်ချခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြပြီး၊ သန့်ရှင်းစင်ကြယ်လျှက်၊ အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျှက်ရှိသောသင်တို့ကို (အမှုဆောင်သောသူများဖြစ်သော ငါ-ပေါလု (Sherman, Randy Matthews, Terry, Jonathan and Tim) တို့သည် ရှေ့တော်၌ ဆက်သမည့်အကြောင်းတည်း။" (ကော၊ ၁း၂၂ - ၂၃) မဟာစေခိုင်းခြင်း (မ၊ ၂၈း၁၈ - ၂၀) ကိုသယ်ဆောင်ရန် အချိန်နှင့် ခွန်အားများပေးဆပ်ကာ၊ အနစ်နာ စွန့်လွှတ်မှုတို့နှင့် အတူခွင့်ပြုပေးသော ကျွန်ုပ်တို့၏ဇနီးများကိုလည်းကျေးဇူးတင်ပါသည်။ နောက်ဆုံးတွင် သေးငယ်သော အရာဟူ၍ မရှိပါ။

# နိဒါန်း

ယေရှုအသေသတ်ခံရခြင်းနှင်၊ သေခြင်းမှရှင်ပြန်ခဲ့ပြီးနောက်၊ မိမိနောက်လိုက်များ(သို့)တပည့်တော်များအား **မဟာစေခိုင်းချက်** ဟူသောရှင်းလင်းသောအမိန့်တစ်ခုကိုပေးခဲ့သည်။ "*သင်တို့**သွား**၍လူမျိုးတကာတို့ကို ငါ့တပည့် **ဖြစ်စေ**လျှက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌**ဗတ္တိဇံ**ကိုပေးကြလော့။ ငါသည်သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ **ဆုံးမဩဝါဒပေး**ကြလော့။ ငါသည်လည်းကပ်ကမ္ဘာ ကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟုတပည့်တော်တို့အား မိန့်တော်မူ၏။*" (မဿဲ၊ ၂၈း၁၉ - ၂၀) တပည့်တော်ဖြစ်ခြင်းသည် ယေရှု၏သတင်းစကားနှင့် သာသနာလုပ်ငန်းတို့၏အဓိကကျသော နှလုံးခုန်သံဖြစ်သည်။ တမန်တော်ရှင်ပေါလုသည် ထိုအမိန့်တော်အတိုင်း လိုက်လျှောက် ကာ၊ တစ်ပါးအမျိုးသားရှိရာသို့သွားရောက်ခဲ့ပြီး၊ တပည့်တော်မွေးထုတ်ပေးခဲ့ပါသည်။ ယင်းမဟာစေခိုင်းချက်ကို ပေါလုသည် မည်သို့လက်တွေ့လုပ်ဆောင်ခဲ့ကြောင်း လေ့လာကြပါစို့။ သန့်ရှင်းသောဝိညာဉ်တော်နှင့် အန္တိအုတ်အသင်းတော်၏ စေလွှတ်ခြင်း ဖြင့်၊ ရှင်ပေါလုသည် **သွားရောက်ခဲ့သည်။** (တ ၁၃း၁ - ၃) သတင်းကောင်းဝေငှခြင်းဖြင့် ရှင်ပေါလုသည် တပည့်တော်များကို **မွေးထုတ်ခဲ့သည်**။ (တ ၁၄း၆ - ၇)ထိုသူတို့သည်တပည့်တော်တို့ကို **ရေနှစ်ခြင်းပေးခဲ့သည်။** (တ၊ ၁၆း၃၁ - ၃၄) တပည့်တော်များ ၏စိတ်ဝိညာဉ်တို့ကိုခိုင်ခံစေရန်၊ သတင်းကောင်းဝေငှခဲ့သော အသင်းတော်များထံသို့ ပြန်လည်သွား ရောက်ကာ ယုံကြည်သူများကို သွန်သင်ခြင်းနှင့်တည်ဆောက်ခြင်းများ ပြုလုပ်ပေးခဲ့သည်။ (တ၊ ၁၄း၂၁ - ၂၂)

**<u>တပည့်တော်များအတွက်ဘုရားသခင်၏စီမံကိန်း</u>**နှင့်အတူသမ္မာတရား၏စံနှုန်းကနဦးအသင်းတော်များတွင်တွေ့ရသောပုံသဏ္ဍာန်နှင့် တမန်တော်ဝတ္ထုတွင်ရေးမှတ်ထားသောအရာတို့ကို ကျွန်ုပ်တို့လိုက်လျှောက်ရန်လိုအပ်ပါသည်။ ယင်းတို့၏ ရလဒ်များမှာ အသင်းတော်ကြီးမားစွာ ကျယ်ပြန့်ခြင်းနှင့်အသင်းတော်တိုးတက်ခြင်းတို့ကိုဖြစ်စေခဲ့သည်။ နှစ်ပေါင်း(၂၅) နှစ်အတွင်း အသင်းတော်သည် ယေရှုရှ လင်မြို့မှ ရောမမြို့အထိကျယ်ပြန့်လာခြင်းသည် (၁၀)နှစ်အတွင်း တမန်တော် ရှင်ပေါလု ၏သာသနာပြုခရီးစဉ်သုံးကြိမ်တိတိပြီးစီးအောင် အထောက်အကူဖြစ်စေခဲ့သည်။ (တမန်၊ ၁၇း၆)အရ၊ ကနဦးတပည့်တော်များသည် လောကီနိုင်ငံကို မှောက်လှန် သူများ ဖြစ်ကြောင်း၊ ရေးသားထားသည်ကိုတွေ့ရှိရသည်။ ယင်းကနဦးတပည့်တော်တို့သည် သတင်းကောင်းအတွက် မိမိတို့အသက်တာများကို ပေးဆပ်ခဲ့သော သူများလည်းဖြစ်သည်။

<u>တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း</u>ဟူသော ဤသင်တန်းလက်စွဲစာအုပ်သည် ယေရှုခရစ်တော်၏ စစ်မှန်သော တပည့်တော်ဖြစ်ခြင်း၏ဆိုလိုရင်းကို သင်ကိုယ်တိုင် နှုတ်ကပတ်တော်ကို လွယ်ကူစွာလေ့လာဘို့ရန်အတွက် ရေးဆွဲထားခြင်းဖြစ်သည်။ ခရစ်တော်၏ရင့်ကျက်သောနောက်လိုက်တစ်ဦးဖြစ်သောအခါ၊ သင်တို့အထဲမှ အချို့တို့သည် ခရစ်တော်၏ နောက်သို့လိုက်ရင်း၊ ခေါင်းဆောင်များဖြစ်လာမည်။ အကယ်၍သင်သည်ထိုသို့ဆန္ဒရှိပါက၊ **<u>အသင်းတော်အတွက် ဘုရားသခင်၏ စီမံကိန်း</u>**  ဟူသော စာအုပ်ကို ဆက်လက် လေ့လာပါ။ (www.new foundationsinternational.org/training-resources) သို့မဟုတ် အီးမေးလ် newfoundationsinternational@gmail.com  သို့ဆက်သွယ်နိုင်ပါသည်။ တည်ဆောက်ခြင်း ရှိသော ခရစ်တော်၏ ရင့်ကျက်သော တပည့်တော်နှင့် တည်ဆောက်ခြင်းရှိသော လုပ်နည်းများ (သို့) ခရစ်တော်၏ နောက်လိုက် ဖြစ်ခြင်းကို ယခုမှစတင်၍ လုပ်ဆောင်ကြပါစို့။

# ကြိုတင်လုပ်ဆောင်ရန် လမ်းညွှန်ချက်များ

ကျွန်ုပ်တို့သည်ဘုရားသခင်အားအထူးကျေးဇူးတင်သည်။ အကြောင်းမှာဘုရားသခင်သည်သင့်အား ***တပည့်တော်များ အတွက်ဘုရားသခင်၏စီမံကိန်း*** လေ့လာရန်ဦးဆောင်နေသောကြောင့်ဖြစ်သည်။ အကယ်၍ဖြစ်နိုင်ပါက၊ တစ်ဦးချင်းစီ၄င်း၊ နည်းပြ တစ်ဦးနှင့်၄င်း၊ သင်ခန်းစာတစ်ခုလုံးကို တောက်လျှောက်လုပ်ဆောင်ရန် အထူးထောက်ခံပါသည်။အချို့သော လမ်းညွှန်းချက်ကို အောက်တွင်ဖော်ပြထားသည်။ ဤလက်စွဲကိုပြီးသောအခါ၊တစ်ဦးချင်းအား လေးနက်စွာ လက်တွေ့ လုပ်ဆောင်နိုင်ရန်၊ ***တပည့်တော် များအတွက်ဘုရားသခင်၏စီမံကိန်း***ကို၊ သင့်အားမိတ်ဆက်ပေးသောသူနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရန်အကြံပြုပါသည်။အကယ်၍ထိုသူနှင့်တွေ့ဆုံရန်အခြေအနေမပေးပါက၊အောက်ပါအတိုင်းဆက်သွယ်ပါ။ newfoundations international @gmail.com အကယ်၍မေးခွန်းများနှင့် နောက်ဆက်တွဲလုပ်ဆောင်ရန် လိုအပ်ပါက၊ ဆက်သွယ်နိုင်ပါသည်။




လေ့လာသုံးသပ်ခြင်းအတွက်ဖတ်ရှုခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းကဏ္ဍ၊ လက်တွေ့လုပ်ဆောင်ခြင်း ကွက်လပ်များပြီးမြောက်သောအခါ၊ စာမျက်နှာ(၆)သင်ခန်းစာခေါင်းစဉ်များဘေးရှိ၊ ကွက်လပ်များတွင်ပြီးသော ရက်စွဲကိုရေးချရန်ဖြစ်သည်။ အကယ်၍ သင်တွင် တစ်စုံတစ်ဦး (သို့) အဖွဲ့ငယ်တစ်ခုနှင့် အတူလုပ်ဆောင်ရန် မတက်နိုင်ပါက၊ ဆွေးနွေးခြင်း ကွက်လပ်ကိုနောက်မှရေးသားရန်ဖြစ်သည်။ (မှတ်ချက်၊ သင်ခန်းစာ၆ – ၇၊ **သမ္မာကျမ်းစာကိုလေ့လာခြင်း** စာမျက်နှာ၊ ၂၀ – ၂၂ တွင် ကြည့်ပါ။)

# အကြားနှင့်အမြင်အာရုံဖြင့်သာ လေ့လာသောသူများအတွက် အထောက်အကူများ

ကမ္ဘာတွင်စာမတတ်သောသူ (သို့) အကြားနှင့်အမြင်အာရုံဖြင့်သာလေ့လာသော လူဦးရေဘီလီယံပေါင်း ၅.၇ ရှိသည်ဟု ခန့်မှန်းရသည်။ အထူးသဖြင့် အကြားနှင့်အမြင်အာရုံဖြင့် လေ့လာသင်ယူသောသူတို့သည် စာအုပ်များနှင့် သင်ကြားခြင်းမရှိဘဲ၊ စကားပြောခြင်း၊ ပုံပြင်နှင့်ဇတ်သဘင်ကဲ့သို့ပြောပြခြင်း၊ သီချင်းနှင့်မြင်ရသော အရာတို့အားဖြင့်လေ့လာသင်ယူကြသည်။ ထို့ကြောင့် အကြားအာရုံလေ့လာသောသူတို့သည်ရေးသားထားသောစာကိုနားလည်ရန် ခက်ခဲပြီး၊ နားထောင်ခြင်းနှင့် အမြင်အာရုံတို့ဖြင့်သာ လေ့လာရန် ပိုအလေးထားကြသည်။ အကောင်းဘက်မှကြည့်မည်ဆိုပါက၊ အကြားနှင့်အမြင်အာရုံဖြင့် လေ့လာသောသူတို့သည် ကြားသောအရာ၊ ပြောသောအရာနှင့်မြင်ရသောအရာတို့မှ ၇၅% ကိုမှတ်မိကြသည်။ ကမ္ဘာကြီးတွင် သတင်းကောင်းမရောက်သေးသောနေရာမှလူတို့သည် အထူးသဖြင့် အကြားနှင့်အမြင်အာရုံတို့ဖြင့် လေ့လာသူများ ဖြစ်သည်။

ထို့ကြောင့် ဆွေးနွေးခြင်း၊ မေးခွန်းမေးခြင်းနှင့်မြင်ရသောအချက်တို့မရှိဘဲ၊ အချက်အလက်တစ်ခုတည်းကိုသာ ဖတ်ခြင်းအပေါ် လွန်ကဲစွာမှီခိုခြင်းမရှိစေရ။ အဖွဲ့များနှင့်တစ်ဦးပြီးတစ်ဦးဆွေးနွေးခြင်းအတွက် လုံလောက်သောအချိန်ကိုခွင့်ပြုပါ။ အကြားအာရုံဖြင့်လေ့လာသူတို့သည် အခြားသောသူတို့နှင့်ထင်မြင်ယူဆချက်တို့ကို ပြောဆိုနိုင်သောအခါမှသာ ဆက်စပ်တွေးခေါ်လာနိုင်ပါမည်။ မြင်နိုင်သောအရာတို့သည် ထိုသူတို့အတွက် အထောက်အကူဖြစ်သည်ဟုဆိုကာ အတွေးတစ်ခု (သို့) ယူဆချက်တစ်ခုကို ရှင်းပြရန် ထိုမြင်နိုင်သောအရာ တစ်ခုတည်းကိုသာ လွန်ကဲစွာမှီခိုခြင်းမရှိပါနှင့်။ ထိုသူတို့တွင် ထိုမြင်နိုင်သောအရာတို့ကိုနားလည်ရန် အခြား အကူ အညီများလည်း လိုအပ်နေပါလိမ့်မည်။ သမ္မာတရားကိုနားလည်ရန် အကြားအာရုံဖြင့် လေ့လာသောသူကို စတင်တည် ဆောက်ရာတွင် အထောက်အကူပေးနိုင်သော အခြေခံနည်းလမ်းများ ရှိပါသည်။ ယင်းနည်းလမ်းမှာ တမန် ၈း၂၆ – ၃၈ အတွင်းရှိ၊ ဖိလိပ္ပုနှင့်အဲသယောပိအမတ်တို့ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အားသွန်သင်ရန် ဆုတောင်း မေးမြန်းပြီးနောက်တွင် အကြားအာရုံဖြင့် လေ့လာသူတို့အား ထိုအကြောင်းကို ပြောပြနိုင်ပါသည်။ ထိုနောက် နောက်ဆက်တွဲ အဆင့်များကို အောက်တွင်ဖော်ပြထားပါသည်။ (မှတ်ချက်၊ စာ ၅ နှင့် အရှေ့မျက်နှာဖုံးအတွင်းထဲတွင် အကြားနှင့်အမြင်အာရုံဖြင့် လေ့လာခြင်းအတွက် အထောက်အကူဖြစ်သော ပုံဖော်ချက် တစ်ခု ကိုကြည့်ပါ။)

၁။ နှုတ်ကပတ်တော်ကိုအတူဖတ်ပါ။ သူတို့၏ **လေ့လာသုံးသပ်ခြင်း** ကိုထပ်ခါတလဲလဲရွတ်ဆိုစေပါ (သို့) အသံထွက်ရွတ်ဆိုစေပါ။သင်ဖတ်ခဲ့သော အရာနှင့် သူတို့လေ့လာသုံးသပ်သောအရာတို့ကို အထောက်အကူဖြစ်စေမည့် မြင်နိုင်သောရုပ်ပုံတို့ကို အသုံးပြုပါ။ (တ၊ ၈း၂၈)

၂။ အကြောင်းတရားကို **ဆင်ခြင်အောက်မေ့ခြင်းနှင့် တွေးတောခြင်း** လုပ်ဆောင်ရန် အမြင်အာရုံဖြင့်လေ့လာသူကို မေးမြန်းပါ။ ဘုရားသခင်၏နှုတ်ကပတ်တော် နှင့်မြင်ရသောရုပ်ပုံတို့အားဖြင့် သူတို့လေ့လာခဲ့သောအရာတို့ကိုရှင်းပြပါ။ (တ၊ ၈း၃၀ ကိုကြည့်ပါ။)

၃။ ဘုရားသခင်က ပြောဆိုနေသောအရာနှင့် မြင်ရသောရုပ်ပုံတို့၏အနက်ကို မေးမြန်းခြင်း၊ ဖြေကြားခြင်းဖြင့် အတူတကွ**ဆွေးနွေးပါ။** ယနေ့သင့်အသက်တာနှင့်ကိုက်ညီသော၊ အဓိကကျသောနိယာမသည်မည်သည့်အရာဖြစ်သနည်း။ (တ၊ ၈း၃၁ – ၃၅ ကိုကြည့်ပါ။)

၄။ ယခုသင့်အသက်တာ၊ မိသားစု၊ အသင်းတော်တွင် သင်လုပ်ဆောင်သော**လက်တွေ့အသုံးပြုခြင်း**ကိုမည်သည့်အချိန်တွင် မည်ကဲ့သို့လုပ်ဆောင်မည်နည်း။ (တ၊ ၈း၃၆ – ၃၈ ကိုကြည့်ပါ။)




ကျွန်ုပ်တို့ကယ်တင်ရှင်၏တပည့်တော်တစ်ဦးအဖြင့် ကြီးထွားခြင်းလမ်းကြောင်းတစ်ခုကို သင့်အစပြုနိုင်ရန်နှင့် အခွင့်အရေးရရှိသောအချိန်တိုင်းတွင် သခင်ယေရှု၌ သင်၏ယုံကြည်ခြင်းကို တည်ဆောက်ရန်၊ ခိုင်ခံခြင်းရှိဘို့ရန်အတွက် ကျွန်ုပ်တို့ ဆုတောင်းပေးလျှက်ရှိပါသည်။

# မာတိကာ


**အပိုင်း (၁) တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း** ၇

၁။ တပည့်တော်များ အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း ၈

သင်ခန်းစာ ၁။ နှုတ်ကပတ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း ၈

သင်ခန်းစာ ၂။ ဝိညာဉ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း ၁၁

၂။ တပည့်တော်များ နာခံခြင်း၊ အသင်းဝင်ဖြစ်ခြင်း နှင့် အောက်မေ့ဘွယ်ရာများ ၁၄

သင်ခန်းစာ ၃။ ရေနစ်ခြင်းမင်္ဂလာ ၁၄

သင်ခန်းစာ ၄။ သင်းဝင်သူများအချင်းချင်း ၁၆

သင်ခန်းစာ ၅။ ပွဲတော်မင်္ဂလာ ၁၈

၃။ တပည့်တော်များ သမ္မာကျမ်းစာလေ့လာမှုတွင် တည်ဆောက်ခြင်း ၂၀

သင်ခန်းစာ ၆။ သမ္မာကျမ်းစာကိုလေ့လာရန်လမ်းညွှန်ချက်များ ၂၀

သင်ခန်းစာ ၇။ သမ္မာကျမ်းစာလေ့လာခြင်းကို လက်တွေ့အသုံးပြုခြင်း ၂၂

**အပိုင်း (၂) တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း** ၂၃

၄။ တပည့်တော်များ စင်ကြယ်သော ကျေးဇူးတော်၏သတင်းကောင်း၌တည်ဆောက်ခြင်း ၂၆

သင်ခန်းစာ ၈။ တပည့်တော်တို့သည် စင်ကြယ်သော ကျေးဇူးတော်၏သတင်းကောင်း၌တည်ဆောက်ခြင်း ၂၄

၅။ တပည့်တော်များ ဘုရားသခင်၏ထာဝရစီမံကိန်း၌တည်ဆောက်ခြင်း ၃၂

သင်ခန်းစာ ၉။ တပည့်တော်တို့သည် ဘုရားသခင်၏ထာဝရစီမံကိန်း၌တည်ဆောက်ခြင်း ၃၂

၆။ တပည့်တော်များ ဘုရားသခင်၏အိမ်တော်၌တည်ဆောက်ခြင်း ၃၇

သင်ခန်းစာ ၁၀။ တပည့်တော်တို့သည် ဘုရားသခင်၏အိမ်တော်၌တည်ဆောက်ခြင်း ၃၇

၇။ တပည့်တော်များ ခရစ်တော်၌(သို့)ခရစ်တော်နှင့်အတူလျှောက်လှမ်းခြင်း ၄၂

သင်ခန်းစာ ၁၁။ ခရစ်တော်၌ရှိသော သင့်အသက်တာ ၄၂

သင်ခန်းစာ ၁၂။ ခရစ်တော်နှင့်အတူလျှောက်လှမ်းသော သင့်အသက်တာ ၄၅

သင်ခန်းစာ ၁၃။ သခင်ဘုရားနှင့်အတူ နေ့စဉ် တိတ်ဆိတ်စွာ အချိန်ယူခြင်း ၄၈

သင်ခန်းစာ ၁၄။ ဆုတောင်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအတွက် လက်တွေ့အထောက်အကူများ ၄၉

ယေရှုနှင့် ရင်းနှီးကျွမ်းဝင်ခြင်း ၃၁ ရက် ၅၆

ကျမ်းစာဖတ်ခြင်းဇယားများ ၅၇

၈။ တပည့်တော်များ ခေါင်းဆောင်မှုတို့တွင်တည်ဆောက်ခဲ့ခြင်း ၆၀

ကိုယ်ပိုင်သက်သေခံချက် နှင့် မှတ်စုတိုများ ၆၁

# တပည့်တော်များအတွက်ဘုရားသခင်၏စီမံကိန်း – အပိုင်း (၁)

ဤလက်စွဲစာအုပ်၏ရည်ရွယ်ချက်သည် ကနဦးအသင်းတော်များ၏အသုံးပြုသောခေတ်ကာလနှင့် ယဉ်ကျေးမှုများ အထက်သာလွန်ထူးကဲသောနည်းဗျူဟာ (သမ္မာကျမ်း၏အချိန်တိုင်းနှင့်ယဉ်ကျေးမှုတိုင်းသို့ ကူးပြောင်းပေးနိုင်သောနိယာမ) တို့ကို ချထားရန် ဖြစ် သည်။ ယင်းတို့အားဖြင့်ပေါက်ဖွား၍ တန်ခိုးနှင့်ပြည့်သော တပည့်တော်တို့သည် ခရစ်တော်အတွက် ကမ္ဘာကြီးကို မှောက်လှန်သော သူများဖြစ်သည်။ (တ၊ ၁၇း၆)အောက်တွင်ဖော်ပြထားသောမြေပုံကိုကြည့်ရှု၍၊ ဇာတ်ဝင်လိစကားသည် ယေရုရှလင် မြို့မှ ရောမမြို့တိုင်အောင် ပျံ့နှံ့ရောက်ရှိရန် နှစ်ပေါင်းမည်မျှကြာမည်နည်း။ ဟုတ်ကဲ့ပါ၊ နှစ်ပေါင်း(၂၅)နှစ်သာ ကြာပါသည်။ မေးခွန်းမေးပါရစေ၊ ယနေ့ထိုကဲ့သို့ အကျိုးသက်ရောက်စေပြီး၊ တိုးတက်မှုဖြစ်စေသော သင့်သိသောအသင်းတော် တစ်ပါးပါး ရှိပါသလား။ ယနေ့ မျက်မှောက်ကာလတွင် ကျွန်ုပ်တို့တွင်ရှိသော ခရီးသွားခြင်း၊ နည်းပညာနှင့် သင်တန်းကျောင်း စသည်တို့သည် ယင်းတို့၏လက်ထက်တွင် မရှိကြောင်းကို သတိပြုရပါမည်။ ကနဦးအသင်းတော်၌လုပ်ဆောင်သော တည်ဆောက်ခြင်း နှင့်ကြီးထွားခြင်းတို့ထက် သာ၍ကောင်းသောနည်းလမ်းများ တွေ့ရှိရန် ခက်ခဲပါလိမ့်မည်။




ဤစာစောင်၏ရည်ရွယ်ချက်မှာ ထိုနိယာမကို ယနေ့တပည့်တော်တို့အသက်တာတွင် တံတားသဖွယ် ဆက်သွယ်ပေးရန်ဖြစ်သည်။ သို့မှသာ ယနေ့ကျွန်ုပ်တို့အသက်တာတွင် အံ့ဖွယ်ရလဒ်များကို တွေ့မြင်ရပါမည်။ တ၊ ၁၄း၂၁ – ၂၂ နှင့်အခြားသော ကိုးကားချက်များတွင် တပည့်တော်သစ်များကို "တည်ဆောက်ခြင်း" (သို့) "ခိုင်ခန့်စေခြင်း" စသည့် တို့ကို ကိုးကားဖော်ပြ ထားပါသည်။ "တည်ဆောက်ခြင်း" (သို့) "ခိုင်ခန့် စေခြင်း" တို့၏ စာသားအရ ငုတ်တိုင်တည်းဟူသော ယုံကြည်ခြင်း၌ ထိုသူတို့ကို "အတည်တကျဖြစ်စေခြင်း" (သို့) "ခိုင်မြဲစေခြင်း" ဟုဆိုလိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ရည်ရွယ်ချက် သည် တပည့်တော်သစ်များနှင့်အတူ ယှဉ်လျက် သွားခြင်း (ခိုင်မြဲစေခြင်း)ဖြစ်သည်။ သို့မှသာ ထိုသူတို့သည် မိမိတို့ကိုယ်တိုင် ရပ်တည်နိုင်သောသူများဖြစ်လာမည်။ (ဘယ်ဘက်တွင် ရှိသော ပုံကိုကြည့်ပါ။)




ယုံကြည်သူလူသစ်

တည်ဆောက်ခဲ့သော
တပည့်တော်

အခြားသောတပည့်တော်တို့ကို ကူညီဖေးမနေသည့်တစ်ချိန်ထဲတွင် သင်သည် မိမိကိုယ်ကိုခိုင်ခန့်အောင်မည်သို့ရပ်တည်မည်နည်း။ ပထမတွင်၊ တပည့်တော်တစ်ဦးကို တည်ဆောက်ခြင်းနှင့်ခိုင်ခန့်ခြင်းအတွက် သမ္မာကျမ်း သည် အခြေခံဖြစ်ကြောင်း အသိပေးရပါမည်။

သင်ခန်းစာ (၁)ရှိ၊ နှုတ်ကပတ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း (တ၊ ၁၈း၂၄ – ၂၈)နှင့် သင်ခန်းစာ (၂) ရှိ၊ သန့်ရှင်းသောဝိညာဉ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း (တ၊ ၁၉း၁ – ၇) စသည့် ခိုင်မာသော အုတ်မြစ်ကို ချထားရပါမည်။ နှုတ်ကပတ် တော်နှင့်ဝိညာဉ်တော်၌ ခိုင်မာသောအုတ်မြစ်ချခြင်းသည် တပည့်တော်တို့အား ကြီးထွားလာစေကာ၊ အသီးသီးသောအသက်တာ ဖြစ်လာ သည်။

# ၁။ တပည့်တော်များ အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း

## သင်ခန်းစာ – ၁

## နှုတ်ကပတ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း




**နှုတ်ကပတ်တော်(သို့)သမ္မာကျမ်းစာသည်သာလျှင်မိတ်ဆွေ၏အခြေခံအုတ်မြစ်ဖြစ်သည်။** အခြားသောအရာအုတ်မြစ်တစ်ခုခု အပေါ်တွင်တည်ဆောက်နေခြင်းသည်မကြာခင်(သို့)နောင်တွင်ပြိုလဲသွား လုပ်ဆောင်နေခြင်းနှင့်တူသည်။ ကိုယ် တော်၏နှုတ်ကပတ်တော်နှင့် ပတ်သက်၍ဘုရားပြောသောစကားကို သင်ကြားသောအခါ၊ အသက်ရှင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပြည့်စုံလုံလောက်မှု ရှိခြင်း၊ သင်ကြားရသောခေါ်သံအတွက် လိုအပ်သောအရာ အားလုံးကို ထောက်ပံ့ ပေးထားကြောင်း တွေ့ရှိ ပါလိမ့်မည်။ **(၂တိ ၃း၁၆ – ၁၇)**

<u>**စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း။**</u> ဖတ်ရှု၍အောက်ပါမေးခွန်းများကိုကွက်လပ်တွင်ဖြေဆိုပါ။

**ဘုရားသခင်၏နှုတ်ကပတ်တော်ဆိုသည်မှာ အဘယ်နည်း။**

၁။ ဆာ၊ ၁၂း၆ တွင်၊ ဒါဝိတ်သည် သခင်ဘုရား၏နှုတ်ကပတ်တော်ကို မည်သို့ဖော်ထုတ်ခဲ့သနည်း။ ______

၂။ ဆာ၊ ၁၈း၃၀ တွင်၊ သခင်ဘုရား၏နှုတ်ကပတ်တော်သည် မည်သည့်အရာကိုသက်သေပြသနည်း။ ______

၃။ ဆာ၊ ၁၃၈း၂ အရ၊ဘုရားသခင်သည်အရာအားလုံးထက်ချီးမြှောက်သောအရာမှာ ______

၄။ မ၊ ၂၄း၃၅ အရ၊ ပျောက်ကွယ်ခြင်း မရှိသော အရာသည် မည်သည့်အရာဖြစ်သနည်း။ ______

၅။ ယော၊ ၁၇း၁၇ အရ၊ နှုတ်ကပတ်တော်သည် မည်သည့်အရာဖြစ်သနည်း။ ______

၆။ ၁သက်၊ ၂း၁၃ တွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူတို့သည် မည်သို့ခံယူကြသနည်း။ "ငါတို့ဟောပြောသော ဘုရား သခင် ၏စကားကို သင်တို့သည် ခံယူကြသောအခါ၊ ______

ဘဲ၊ ______ အမှန်ဖြစ်သည့် နှင့် အညီ၊

၇။ ၂တိ၊ ၃း၁၆ အရ၊ ဘုရားသခင်မှုတ်သွင်းတော်မူသော နှုတ်ကပတ်တော်မည်မျှရှိသနည်း။ ______

၈။ ဟေဗြဲ၊ ၄း၁၂ အရ၊ ဘုရားသခင်နှုတ်ကပတ်တော်၏ ထူးခြားသောဂုဏ်အင်္ဂါ(၅)ချက်ကို ရေးချပါ။

က။ ______

ခ။ ______

ဂ။ ______

ဃ။ ______

င။ ______

၉။ ၂ပေ၊ ၁း၁၉ - ၂၁ အရ၊ အကယ်၍နှုတ်ကပတ်တော်သည်လူ၏အကြံအစည်(သို့)လူ၏အနက်အဓိပ္ပါယ်ပြန်ဆိုခြင်းတို့မှ ဖြစ်ပေါ်လာခြင်းမဟုတ်ပါက၊ဘုရားထံမှရကြောင်းကို မည်သို့ပြောပြနိုင်သနည်း။ ______
(စာမျက်နှာ ၁၁ ထိပ်တွင်ရှိသော ပုံကိုကြည့်ပါ။)

**ဘုရားသခင်၏နှုတ်ကပတ်တော်သည် မည်သည့်အရာကိုလုပ်ဆောင်သနည်း။**

၁၀။ ဆာ၊ ၁၉း၇ - ၁၄ ကိုဖတ်၍ ဘုရားသခင်နှုတ်ကပတ်တော်၏ အကျိုးသက်ရောက်မှုကို ဖေါ်ပြပါ။

က။

ခ။

ဂ။

ဃ။

င။

စ။

၁၁။ ဆာ၊ ၁၁၉း၉ - ၁၁ အရ၊ လူပျိုသည် မိမိကိုယ်ကို သန့်ရှင်းအောင် မည်သို့ထိန်းသိမ်းရမည်နည်း။ ______

၁၂။ ဆာ၊ ၁၁၉း၁၀၅ တွင်၊ ဘုရား၏နှုတ်ကပတ်တော်သည် သင်၏ခြေအတွက် ______ သင်၏လမ်းခရီးကို ______ ။

၁၃။ ဟေရှာယ ၅၅း၁၁ တွင်၊ ထိုအတူ ငါ၏နှုတ်ကပတ်စကားသည် ဖြစ်လိမ့်မည်။ ______ ငါ့ထံသို့ မပြန်ရ။ ငါ့အလိုကို ______ မည်။ ငါစေခိုင်းသောအမှု၌ ______ မည်။

၁၄။ ယေ၊ ၂၃း၂၉ အရ၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မည်သည့်အရာနှင့်တူသနည်း။ ______ နှင့် ______
ထိုနှုတ်ကပတ်တော်သည်မည်သည့်အရာကိုလုပ်ဆောင်သနည်း။ ______

၁၅။ မ၊ ၄း၄ အရ၊ နောက်ဆက်တွဲ နှုတ်ကပတ်တော်ကိုဖြည့်စွက်ပါ။ "လူသည်မုန့်အားဖြင့်သာ အသက်ကို မွေးရမည် မဟုတ်၊ ______

၁၆။ လု၊ ၄း၄၊၈၊၁၂ တွင် ယေရှုသည် နတ်ဆိုးကို တိုက်ခိုက်ဘို့ရန်၊ မည်သည့်အရာကို အသုံးပြုသနည်း။ ______
______ ဤတိုက်ခိုက်မှုဖြင့် နတ်ဆိုးကျရှုံးကြောင်းကို သင်သည် မည်သို့ သိရှိသနည်း။ (၄း၁၃ - ၁၄)

၁၇။ ၂တိ၊ ၃း၁၆ အရ၊ ကျမ်းစာမှ သင်ရရှိသော အကျိုးကျေးဇူး (၄) ခုကို ဖေါ်ပြပါ။

က။

ခ။

ဂ။

ဃ။

ဘုရားသခင်၏ လူကို ပြည့်စုံအောင် လေ့ကျင့်ပေးရာတွင်၊ နှုတ်ကပတ်တော် တစ်ခုတည်းဖြင့် လုံလောက်မှု ရှိပါသလား။ (၂တိ၊ ၃း၁၇) ______

၁၈။ ၂ပေ၊ ၁း၃ - ၄ အရ၊ ဘုရားသခင်၏တန်ခိုးတော်သည် သင့်အား မည်သို့ ခွင့်ပြုပေးထားသနည်း။ ______

ဘုရားသခင်၏တန်ခိုးတော်ကို သင်သည် မည်သို့ မျှဝေခံစားရမည်နည်း။ ______

**နှုတ်ကပတ်တော်သည်မည်သူဖြစ်သနည်း။**

၁၉။ ယော၊ ၁း၁ အရ၊ အစအဦး၌ မည်သူရှိသနည်း။ ______ နှုတ်ကပတ်တော်သည် မည်သူဖြစ်သနည်း။ ______ နှုတ်ကပတ်တော်သည် မည်သည့် အရာ ကို ခံယူခဲ့သနည်း။(အငယ် ၁၄) ______ မည်သည့် နေရာတွင် အသက်ရှင် တည်ရှိပါသနည်း။ ______

၂၀။ ယော၊ ၅း၃၉ အရ၊ ကျမ်းစာသည် မည်သည့်အရာကို ဖေါ်ပြသက်သေပြသနည်း။ ______

၂၁။ ယော၊ ၆း၆၃ အရ၊ ယေရှုပြောသောစကားသည် မည်သည့်အရာများဖြစ်သနည်း။ ______ နှင့် ______

၂၂။ ယော၊ ၁၄း၆ အရ၊ သမ္မာတရားသည် မည်သူဖြစ်သနည်း။ ______

**နှုတ်ကပတ်တော်အတိုင်းကျင့်ဆောင်သောသူဖြစ်ပါစေ။**

၂၃။ ဇေရ၊ ၇း၈ – ၁၀ အရ၊ ဇေရသည် မိမိ၏နလုံးသားတွင် လုပ်ဆောင်ရန်၊ သတ်မှတ်ထားသောအချက် (၃) ချက်ကို ရေးပါ။

က။ ______

ခ။ ______

ဂ။ ______

၂၄။ မ၊ ရး၂၄ – ၂၉၊ ပညာရှိသောသူနှင့်ပညာမဲ့သောသူတို့သည် နှုတ်ကပတ်တော်ကို ကြား၍၊ အိမ်ကိုတည်ဆောက်ကြ၏ မည်သည် အရာက တစ်ဦးကိုပညာရှိဖြစ်စေပြီး၊ တစ်ဦးကိုပညာမဲ့ဖြစ်စေပါသနည်း။ ______

၂၅။ တ၊ ၁၇း၁၁ မှ အဘယ်ကြောင့် ဗေရိမြို့သားတို့သည် ထူးမြတ်သောသူများဖြစ်ရသောအချက် (၂) ချက်ကို ရေးသားပါ။ ______ နှင့် ______

အဘယ်ကြောင့် နှုတ်ကပတ်တော်ကို စေ့စေ့ကြည့်ရှုကြသနည်း။ ______

၂၆။ ယာ၊ ၁း၂၂ အရ၊ ကျွန်ုပ်တို့သည် နာရုံမျှသာပြုသောသူမဟုတ်၊ တရားကို ______ ဖြစ်ကြလော့။

**ဆွေးနွေးချက်။** အခြားသောတပည့်တော်များနှင့်အတူသင်ယူခဲ့သောအရာအားလုံးတို့၏ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်၍၊သူတို့ထံမှ ရရှိသော အခြားသောမည်သည့်နိယာမများကိုမဆိုရေးသားပါ။ ______

ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ပတ်သက်၍ အသက်တာတွင် ပြောင်းလဲရန် လိုအပ်သောအရာများက မည်သည့်အရာများ ဖြစ်သနည်း။ ______

**လက်တွေ့လုပ်ဆောင်ခြင်း။** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့်အချိန်တွင်လုပ်ဆောင်မည်နည်း။ ______

# သင်ခန်းစာ – ၂

## သန့်ရှင်းသောဝိညာဉ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း




ယနေ့အသင်းတော်အတွင်းဖြစ်ပျက်နေသော အသက်ရှင်မှုနှင့်သာသနာလုပ်ငန်းအများစုတို့သည် ပင်တေကုတ္တေနေ့မတိုင်မီ (သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ခြင်းမရှိမီ) အသင်းတော်ပုံစံဖြစ်သည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော် အကြောင်းကိုပင် မသိကြပါ (တမန်၊ ၁၉း၁ – ၇)။ သင့်အသက်တာနှင့် အသင်းတော်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုများနှင့် တာဝန်ယူဆောင်ရွက်မှုများကို နားလည်သိရှိကြောင်းကို သေချာစေရန် ကျွန်ုပ်တို့ဆန္ဒရှိပါသည်။ လူများစွာတို့က လူဇာတိခံယူခြင်း၊ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း စသည့်တို့ကိုသွန်သင်လေ့ရှိသော်လည်း၊ ကိုယ်တော်၏တက်ကြွသွားခြင်းနှင့်ပင်တေကုတ္တေ အကြောင်းတို့ကို သွန်သင်ရန်မေ့လျော့ကြပါသည်။ **ပင်တေကုတ္တေနေ့ သာမရှိရင်၊ မျှော်လင့်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတန်ခိုး၊ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းနှင့်ထူးခြားသော သက်သေခံခြင်း စသည့် တို့သည်လည်း မရှိနိုင်ပါ။**

**<u>စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း။</u>** ဖတ်ရှု၍အောက်ပါမေးခွန်းများကိုကွက်လပ်တွင်ဖြေဆိုပါ။

၁။ (က၊ ၁း၁ – ၂) အရ၊ ဘုရားသခင်၏ဝိညာဉ်တော်သည်ကမ္ဘာမြေမျက်နှာပြင်ကိုဖုံးလွှမ်းတော်မူသည်။ အဘယ်ကြောင့် ထိုသို့ ထင်မြင်ပါသနည်း။ ______

၂။ ၄ ဓမ္မ၊ ၆း၁၃ – ၁၈ အရ၊ အဘယ့်ကြောင့်ဧလိရှဲ၏ကျွန်သည်တောင်ပတ်လည်တွင်ရှိသော မီးမြင်းများနှင့်မီးရထားတို့ ဝန်းရံနေကြောင်းကိုမမြင်သနည်း။(ဖေက်၊၁း၁၆ – ၁၉ ဖတ်ပါ။) ______

______

၃။ ဘုရားသခင်သည်ယေဇကျေလအား မည်သည့်ကတိကို ပေးခဲ့သနည်း။ (ယေဇကျေလ၊ ၃၇း၁၄) ______

______

၄။ ယော၊ ၁း၃၂ – ၃၃ အရ၊ကောင်းကင်မှဆင်းသက်သောဝိညာဉ်တော်ကိုမြင်သောအခါ ယောဟန်သည် ထိုသူကို မည်ကဲ့သို့ ဖေါ်ထုတ်တော်မူသနည်း။ ______

ယောဟန်သည်ရေ၌ဗတ္တိဇံကိုပေးခဲ့သည်။ သို့သော်ယေရှုသည်မည်သို့ဗတ္တိဇံပေးမည်နည်း။ ______

၅။ ယော၊ ၃း၃ – ၈ အရ၊ ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်ဘို့ရန်၊နိကောဒင်အသက်တာတွင်မည်သည့်အရာ လိုအပ်နေ ပါ သနည်း။ ______ ဝိညာဉ်တော်၌မွေးဖွားခြင်းဟူသည် မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။ ______

______

၆။ "သူ၏စိတ်နှလုံးမှအသက်ရေထွက်ရာ၊စမ်းရေတွင်း" ဟူသည်မှာ မည်သည့်အဓိပ္ပါယ်ရှိသနည်း။ (ယော၊ ၇း၃၇ – ၃၉) ______

သင်၏စိတ်နှလုံးမှ အသက်ရေကို မည်ကဲ့သို့စီးဆင်းစေမည်နည်း။ ______

အဘယ်ကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးတော်မမူသေးသနည်း။ ______

၇။ ယော၊ ၁၄း၂၅ – ၂၆ တွင် အဘယ့်ကြောင့်သန့်ရှင်းသောဝိညာဉ်တော်ကိုဥပဖျာယ်ဆရာ(အကူအညီပေးသူ) ဟု ခေါ်ဆိုပါသနည်း။ ________

၈။ ယော၊ ၁၆း၇ – ၁၂ အရ၊ယေရှုသည်ခမည်းတော်ထံသို့တက်ကြွသွားပါက၊ကျွန်ုပ်တို့အတွက်ပို၍ အကျိုးရှိသည် ဆိုသည်မှာ အဘယ့်ကြောင့်နည်း။

ဝိညာဉ်တော်ဆင်းသက်သောအခါ၊ မည့်သည့်အရာကိုလုပ်ဆောင်မည်နည်း။(၁၃ – ၁၄) ________

၉။ တ၊ ၁း၈ အရ၊ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ မည်သည့်အရာကိုတပည့်တော်တို့သည် ရရှိကြသနည်း။ မည်ကဲ့သို့သောသူများဖြစ်လာကြသနည်း။

မည်သည့်နေရာများတွင်သက်သေခံသောသူများဖြစ်လာကြမည်နည်း။

၁၀။ တ၊ ၂း၁ – ၄ အရ၊ မည့်သည့်နေ့တွင်တပည့်တော်တို့သည် ဝိညာဉ်တော်ကိုလက်ခံရရှိခဲ့သနည်း။

ထိုအဖြစ်အပျက်ကိုရေးသားပါ။ ________

၁၁။ တ၊ ၅း၃ အရ၊ အာနနိသည်မည်သူကိုလိမ်ပြောနေသနည်း။ သန့်ရှင်းသော ဝိညာဉ်တော် သည် ပုဂ္ဂိုလ်တစ်ဦးဖြစ်ရုံသာမက၊ တ၊ ၅း၄ အရ၊သူသည်မည်သူဖြစ်သနည်း။ ________

၁၂။အဘယ့်ကြောင့် တ၊ ၁၉း၁ – ၆ ရှိ၊ တပည့်တော်တို့သည် ဝိညာဉ်တော်ကို လက်မခံကြသေးသနည်း။ ________

၁၃။ ၁ကော၊ ၁၂း၁၃ အရ၊ မည်သူထဲသို့ တပည့်တော်တို့သည် ဗတ္တိဇံကိုခံကြသနည်း။

မည်သည့်အချိန်တွင်ဖြစ်ပျက်လာသနည်း။ (မေးခွန်း –၅ နှင့် ယော၊ ၃း၃ – ၈ ကိုကြည့်ပါ။)

၁၄။ဧ၊ ၁း၁၃ – ၁၄ အရ၊ တပည့်တော်တစ်ဦးသည် ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို မည်သည့် အချိန်တွင် ခံရသနည်း။

ဝိညာဉ်တော်သည်တပည့်တော်တို့အားမည်သည့်အာမခံချက်ကိုပေးသနည်း။

၁၅။ ဧ၊ ၃း၂၀ အရ၊ ဝိညာဉ်တော်၏တန်ခိုးသည်မည်သည့်နေရာတွင်လုပ်ဆောင်သနည်း။

သင့်အသက်တာအားဖြင့်၄င်း၊ သင့်အထဲ၌၄င်း၊ သူသည်မည်သည့်အရာကို လုပ်ဆောင်နိုင်သနည်း။ ________

၁၆။ ရောမအခန်းကြီး (၇) တွင်၊ "ငါ" နှင့် "ငါ့" ( I and me ) ဟူစကားလုံး အကြိမ်ပေါင်းမည်မျှအသုံးပြုထားသနည်း၊ ရောမ၊ ၇း၂၁ – ၂၄ အရ၊ဤကျမ်းပိုဒ်က သင့်အသက်တာအတွက် "ငါ" နှင့် "ငါ့" ( I and me ) သည် မည်သည့်အရာကိုပြောပြနေသနည်း။ ________

၁၇။ရောမ (၈) တွင်၊ ဝိညာဉ်တော်ဟူသောစကားလုံးကို အကြိမ်ပေါင်းမည်မျှ အသုံးပြုထားပါသနည်း။

ရောမ၊ ၈း၃၇ – ၃၉ အရ၊ ဝိညာဉ်တော်၏ကျိန်းဝပ်ခြင်းအကြောင်းသည် သင့်အသက်တာအတွက် ("ငါ" နှင့် "ငါ့") မည်သည့်အရာကို ပြောပြနေသနည်း။

၁၈။ဂ၊ ၃း၂ – ၃ တွင်၊ ထိုသူတို့သည် ဝိညာဉ်တော်ကို မည်ကဲ့သို့ လက်ခံရရှိခဲ့သနည်း။

မည်ကဲသို့အစပြုခဲ့ကြသနည်း။ မည်သည့်အရာကိုကြိုးစား၍လုပ်ဆောင်ကြသနည်း။ ____

၁၉။ ဂ၊ ၅း၁၆ – ၂၅ ကိုဖတ်၍ အောက်ပါမေးခွန်းများကိုဖြေဆိုပါ၊

အကယ်၍သင်သည်ဝိညာဉ်တော်ထဲတွင်လျှောက်လှမ်းပါက၊ သင်မနှစ်သက်သောအရာများသည် မည်သည့်အရာများဖြစ်မည်နည်း။ ______

ဝိညာဉ်တော်၏ဦးဆောင်မှုခံရပါက၊မည်သည့်အရာ၏အောက်တွင်ရှိမနေပါသနည်း။ ______

ဇာတိပကတိ၏လုပ်ဆောင်ချက်သည်မည်သည့်အရာဖြစ်သနည်း။ ______

ဝိညာဉ်ပကတိ၏အသီးများသည် မည်သည့်အရာများဖြစ်သနည်း။ ______

အကယ်၍ဝိညာဉ်တော်အားဖြင့်အသက်ရှင်ပါက၊မည်သည့်အရာများကိုလည်းလုပ်ဆောင်ရမည်နည်း။ (၅း၂၅) ______

၂၀။ ဧ၊ ၄း၃၀ တွင်၊ သင့်အားမည်သည့်အရာကို မလုပ်ဆောင်ရန်ပြောထားသနည်း။ ______

စိတ်နာစေခြင်းကို သင်သည် မည်သို့ရှင်းပြမည်နည်း။ ______

၂၁။ ဧ၊ ၅း၁၈ တွင် သင့်အားမည်သည့်အရာတို့နှင့်ပြည့်စုံဘို့ရန်ပြောပြထားသနည်း။ ______

"ပြည့်စုံခြင်း" ဟူသော စကားလုံးကို သင့်မည်သို့ထင်မြင်ပါသနည်း။ ______

၂၂။ တ၊ ၅း၃၂ အရ၊ ဘုရားသခင်သည် ဝိညာဉ်တော်ကို မည်သူအားပေးသနည်း။ ______

၂၃။ တ၊ ၇း၅၁ အရ၊ သန့်ရှင်းသောဝိညာဉ်တော်ကိုဆန့်ကျင့်ဘက်ပြုခြင်းဟူသောအနက်အဓိပ္ပါယ်ကိုရှင်းပြပါ။ ______

သင်သည် ဝိညာဉ်တော်ကို မည်ကဲ့သို့ ဆန့်ကျင့်ဘက်ပြုသနည်း။ ______

၂၄။ ၁သက်၊ ၅း၁၉ တွင်၊ မည်သည့်အရာကိုမလုပ်ဆောင်ရန်သင့်အားပြောသနည်း။ ______

"ငြိမ်းစေသည်" ဟုဆိုသော အဓိပ္ပါယ်ကိုသင်မည်သို့ထင်မြင်ပါသနည်း။ ______

၂၅။ က၊ ၁း၂ တွင် သမ္မာကျမ်းစာသည် ဝိညာဉ်တော်နှင့်အစပြုထားပြီး၊ ဖိတ်ခေါ်ခြင်းဖြင့် အဆုံးသတ်ထားပါသည်။ (ဗျာ၊ ၂၂း၁၇) ကြားသောသူကလည်း၊ ______ နှင့်ရေငတ်သောသူသည် ______၊ အလိုရှိသောသူသည် ______ ကိုယူပါစေ။

**<u>ဆွေးနွေးချက်။</u>** အခြားသောတပည့်တော်များနှင့်အတူသင်ယူခဲ့သောအရာအားလုံးတို့၏ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်၍၊သူတို့ထံမှ ရရှိသော အခြားသောမည်သည့်နိယာမများကိုမဆိုရေးသားပါ။ ______

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ အသက်တာတွင် ပြောင်းလဲရန် လိုအပ်သောအရာများက မည်သည့်အရာများ ဖြစ်သနည်း။ ______

______

**<u>လက်တွေ့လုပ်ဆောင်ခြင်း။</u>** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့်အချိန်တွင်လုပ်ဆောင်မည်နည်း။ ______

# ၂။ တပည့်တော်များ နာခံခြင်း၊ အသင်းဝင်ဖြစ်ခြင်းနှင့် အောက်မေ့ဘွယ်ရာများ

## သင်ခန်းစာ – ၃
## ရေနှစ်ခြင်းမင်္ဂလာ (တ၊ ၂း၄၁ နှင့် ၁၀း၄၃–၄၈)




ရေနစ်ခြင်းမင်္ဂလာသည် ခရစ်တော်အားဖြင့်စီရင်ထားသောပြင်ပဓလေ့ထုံးစံတစ်ခုဖြစ်ပြီး၊ အသင်းတော်၏ စီမံမှုအောက်တွင်ထားရှိဘို့ရန်ဖြစ်သည်။ ကယ်တင်ခြင်းရရှိသောအချိန်တွင်၊ တစ်စုံတစ်ယောက်သောသူ၏ ဝိညာဉ်ရေးရာ နှစ်ခြင်းမင်္ဂလာကို မြင်ရသောပုံကားချပ်ဖြစ်ပါသည်။ ထိုအပြင် သတင်းကောင်းနှင့်ပတ်သက်၍ ထိုသူတို့ကို တူညီသောအသင်္ကေတ များဖြင့် ခံစားနိုင်ရန် ခွင့်ပြုပေးထားခြင်းဖြစ်သည်။ နှစ်ခြင်းမင်္ဂလာသည် သခင်၏အမိန့်တော်ကို နာခံခြင်းအတွက် လုပ်ဆောင်မှု တစ်ခုဖြစ်သည်။ ယင်းအတွက် အထူးကျေးဇူးတော်ဟူ၍ မရှိပါ။ ထိုအမိန့်တော်ကို နာခံခြင်းသည် သခင်ယေရှု ခရစ်တော်၏ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတော်နှင့်သိက္ခမ်းခြင်းတို့အတွက် သက်သေ အထောက်အထားဖြစ်ပါသည်။

<u>**စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း။**</u> ဖတ်ရှု၍အောက်ပါမေးခွန်းများကို ကွက်လပ်တွင်ဖြေဆိုပါ။

၁။ မ၊ ၃း၁၃ – ၁၇ အရ၊ ယေရှုသည်ယောဟန်အားဖြင့် အဘယ်ကြောင့်နှစ်ခြင်းမင်္ဂလာကိုခံယူခဲ့သနည်း။ ______

______

ကောင်းကင်နှင့်အဖခမည်းတော်တို့သည်မည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။ ______

______

၂။ လု၊ ၃း၁၆ အရ၊ ယောဟန်သည်ရေ၌ဗတ္တိဇံကိုပေး၏။ ယောဟန်ထက်မြင့်မြတ်သောသူသည် မည်သူဖြစ်သနည်း။ ______ သူသည် သင့်အားမည်သည့်အရာနှင့်အတူဗတ္တိဇံပေးမည်နည်း။ ______ နှင့် ______

၃။ တ၊ ၁၁း၁၆ တွင်၊ မည်သည့်အရာကို ပေတရုအောက်မေ့သနည်း။ ______

၄။ လူမျိုးတကာတို့ထံသို့သွားသောအခါ၊ မ၊ ၂၈း၁၉ – ၂၀ ရှိ၊ မဟာစေခိုင်းချက်အရ၊ မည်သည့်အချက် (၃)ချက်ကို ကျွန်ုပ်တို့ လုပ်ဆောင်ဘို့ရန်၊အမိန့်ပေးထားပါသနည်း။ ______

______ နှင့် ______

၅။ တ၊ ၂း၄၁ တွင်၊ နှုတ်ကပတ်တော်ခံယူပြီးနောက်တွင်၊ မည်သည့်အရာကိုလုပ်ဆောင်သနည်း။ ______

၆။ တ၊ ၈း၁၂ – ၁၃ တွင်၊ ယုံကြည်ပြီးနောက်တွင်၊ ယောကျ်ား၊ မိန်းမတို့သည် မည့်သည့်အရာကို လုပ်ဆောင် ကြသနည်း။ ______ မည်သည့်အချိန်တွင်လုပ်ဆောင်ကြသနည်း။ ______

၇ ဝ၁၊ ၈း၃၆ တွင်၊ အမတ်ကြီးသည် မည်သည့်အရာကို တွေ့ရှိခဲ့သနည်း။ ____

၈ ဝ၁၊ ၈း၃၈ – ၃၉ တွင်၊ ဖိလိပ္ပုနှင့်အမတ်တို့သည် မည့်သည့်နေရာသို့ဆင်းသွားကြသနည်း၊ ____
အမတ်သည် ရေနှစ်ခြင်းခံယူပြီးနောက်တွင်၊ မည့်သည့်နေရာမှ ထွက်လာသနည်း။ ____
အမတ်သည် မိမိ၏လမ်းခရီးတွင်မည်ကဲ့သို့သွားသနည်း။ ____

၉၊ တ၁၊ ၁၆း၃၀ – ၃၄ တွင်၊ထောင်မှုးနှင့်မိသားစုသည်မည်သည့်အချိန်တွင်ရေနှစ်ခြင်းမင်္ဂလာကို ခံယူခဲ့သနည်း၊ ____

ဗတ္တိဇံကိုခံယူကြပြီးနောက်တွင်၊ ထောင်မှူးနှင့်သူ၏မိသားစုတို့သည် မည်သည့်အရာကို လုပ်ဆောင်ကြသနည်း၊ ____

၁၀၊ တ၁၊ ၁၈း၈ တွင်၊ ကောရိန္တုပြည်သားအများတို့သည် ယုံကြည်ပြီးသည့်နောက်တွင်၊ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။ ____

၁၁။ ရော၊ ၆း၃ – ၁၁ အရ၊ ရေနှစ်ခြင်းမင်္ဂလာ၏လက္ခဏာများမှာ မည်သည့်အရာများဖြစ်မည်နည်း၊ ____
____ (စာမျက်နှာ – ၁၄ ထိပ်တွင်ရှိသော ပုံကိုကြည့်ပါ။)

၁၂။ ကော၊ ၂း၁၂ အရ၊ သင်သည်မည်သူနှင့်အတူသင်္ဂြိုလ်ခံရမည်နည်း။ ____ သင်သည် မည်သူနှင့် အတူထ မြောက်မည်နည်း။ ____ ထိုအရာကိုတန်ခိုးဖြင့်ပြီး မြောက်အောင်လုပ်ဆောင် သူမှာ မည်သူနည်း။ ____

၁၃။ ဧ၊ ၄း၄ – ၅ အရ၊ ရေနှစ်ခြင်းမင်္ဂလာ ဘယ်နှစ်မျိုးရှိသနည်း။ ____

၁၄။ ၁ကော၊ ၁၂း၁၂ – ၁၃ တွင်၊ ကျွန်ုပ်တို့သည် ကိုယ် ____ နှင့်ဝိညာဉ်တော် ____ တည်း၌ဗတ္တိဇံကိုခံကြ၏။

၁၅။ တ၁၊ ၁၀း၄၇ – ၄၈ အရ၊ ဗတ္တိဇံမင်္ဂလာ ခံယူခြင်းမရှိမီ၊ ယုံကြည်သူတို့သည် မည်သည့်အရာကို ခံယူသနည်း။ ____ သူတို့သည် မည်သူ၏နာမ၌ ဗတ္တိဇံကို ခံယူခဲ့သနည်း။ ____

**ဆွေးနွေးချက်။** အခြားသောတပည့်တော်များနှင့်အတူသင်ယူခဲ့သောအရာအားလုံးတို့၏ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်၍၊သူတို့ထံမှ ရရှိသော အခြားသောမည်သည့်နိယာမများကိုမဆိုရေးသားပါ။ ____

ရေနှစ်ခြင်းမင်္ဂလာနှင့်ပတ်သက်၍ အသက်တာတွင် ပြောင်းလဲရန် လိုအပ်သောအရာများက မည်သည့် အရာများ ဖြစ်သနည်း၊ ____

**လက်ဝေ တွေ့ဖို့ဆောင်ခြင်း။** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့် အချိန်တွင်လုပ်ဆောင်မည်နည်း။ ____

# သင်ခန်းစာ – ၄
# သင်းဝင်သူများအချင်းချင်း (ကောရိန္သု ဩဝါဒစာ ပထမစာစောင် ၁၂း၁၃)

 

ယနေ့အသင်းတော်ရှိအသင်းဝင်သူများသည် တစ်ဦးတစ်ယောက်၏ ကယ်တင်ခြင်းနှင့် ရေနှစ်ခြင်းမင်္ဂလာတို့နှင့် တစ်ခါတစ်ရံ ရှုပ်ထွေးနေကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားရသည့်အတိုင်း၊ သင်းဝင်သူတစ်ဦး ချင်းစီသည် သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြမှုအောက်နှင့် ခရစ်တော်၏အုပ်စိုးမှုအောက်တွင် ဘုရားသခင်၏ အိမ်တော်တည်းဟူသော ခရစ်တော်၏ ခန္ဓာကိုယ်၌ အချင်းချင်း သည် တစ်ဦးချင်းအသက်တာ၌ ဆက်ကပ်အပ်နှံခြင်း စသည့်တို့ကို အခြေခံကာ သင်းဝင်များဖြစ်လာ ကြောင်းကို လေ့လာသိရှိရပါသည်။ ထိုကြောင့် သင်သည် မိဘမဲ့သူ မဟုတ်ဘဲ၊ ဘုရားသခင်၏မိသားစုထဲသို့ မွေးစားခြင်းကို ခံရပြီး၊ ခရစ်တော်၏ခန္ဓာကိုယ်တည်းဟူသောအသင်းတော်ထဲ၌ ဗတ္တိဇံခံယူခြင်းဖြစ်သည်။

**<u>စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း</u>** ဖတ်ရှု၍အောက်ပါမေးခွန်းများကိုကွက်လပ်တွင်ဖြေဆိုပါ။

၁။ ၁ကော၊ ၁၂း၁၂–၁၄၊ ၂၇ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သည် မည်သူဖြစ်သနည်း။ ________________
အငယ် ၁၂ မှ၊ ကွက်လပ်များတွင်ဖြေဆိုပါ။ ဥပမာကား၊ ကိုယ် ______________ တည်း၌၊ အင်္ဂါ ____________ ရှိသည် ဖြစ်၍၊ ထိုနည်းတူခရစ်တော်၏ခန္ဓာကိုယ်ဖြစ်တော်မူ၏။ ခရစ်တော်၏ခန္ဓာကိုယ်ထဲသို့ မည်သူသည် သင့်အား ဗတ္တိဇံ ကိုပေးသနည်း။ (၁၃) ______________ အငယ် ၂၅ – ၂၇ အရ၊ "အင်္ဂါအချင်းချင်းတို့သည် အချင်းချင်းကူညီရန်ဖြစ် သည်။ သို့ဖြစ်၍၊ အင်္ဂါတခုတည်း ဆင်းရဲခြင်းကိုခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် ______________________ ၏။ အင်္ဂါတခု သည် ချီးမြှောက်ခြင်းကိုခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် ______________________ ၏။ သင်တို့သည် __________________ ၏ ________________ ဖြစ်ကြ၏။"

၂။ ဂ၊ ၅း၁၃ အရ၊ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည်အချင်းချင်း __________________ ရန်ဖြစ်သည်။

၃။ ဂလာတိ ၆း၂ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည် အချင်းချင်းဝန်ထုတ်များကို __________________ ရန်ဖြစ်သည်။

၄။ ၁သက် ၄း၁၈ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည် တစ်ယောက်ကိုတစ်ယောက် ______________ ကြလော့။ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည် တစ်ယောက်ကိုတစ်ယောက် ______________ ၍ __________________ ကြလော့။ (၅း၁၁)

၅။ ရော၊ ၁၂း၅ – ၈ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည် အသီးသီး ______________ ဖြစ်ကြ၏။ ခရစ်တော်၏ ခန္ဓာကိုယ်သင်းဝင်သူတို့တွင်ရှိသင့်သောလုပ်ဆောင်မှုများနှင့်ဆုကျေးဇူးများမှာမည်သည့် အချက်များဖြစ်မည်နည်း။ ______________________________________________

______________________________________________

၆။ ရော၊ ၁၃း၈ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည် တစ်ယောက်ကိုတစ်ယောက် ____________ ရှိရမည်။

၇။ ရော၊ ၁၅း၆ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ____________ ၍၊ (အငယ်၇) သင်တို့ကိုလက်ခံတော်မူသည့်နည်းတူ တစ်ယောက်ကိုတစ်ယောက် ____________ ကြလော့။ (အငယ်၁၄) အချင်းချင်း ____________ ခြင်းငှာ၊ တတ်နိုင်သည့်ကို သိထားရမည်။

၈။ ဧ၊ ၄း၂ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်သူတို့သည် မေတ္တာစိတ်ဖြင့်၊ တစ်ယောက်ကိုတစ်ယောက် ____________ ရှိကြလော့။

၉။ ဧ၊ ၅း၂၁ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်များသည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ____________ ရမည်။

၁၀။ ဖိ၊ ၂း၃-၄ တွင်၊ ခရစ်တော်၏ခန္ဓာကိုယ်တွင် မည်သည့်အသင်းဝင်များကပို၍အရေးကြီးသနည်း။ ____________

၁၁။ ယော၊ ၁၃း၁၄-၁၅ တွင်၊ ယေရှုသည် သင့်အားပေးသောဥပမာကား မည်သည့်ဥပမာဖြစ်သနည်း။ ____________ ကိုယ်တော်၏ဥပမာအတိုင်းလိုက်လျှောက်၍ အခြားသူ၏ခြေကို ဆေးပေးနိုင်ပါသလား။ ____________ အဘယ်ကြောင့်မဆေးပေးနိုင်သနည်း။ (သို့) အဘယ်ကြောင့် ဆေးပေးနိုင်သနည်း။ ____________

၁၂။ ကော၊ ၃း၁၃ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်များသည်မည်ကဲ့သို့တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ကြရမည်နည်း။ ____________ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ခြင်းသည် ရွေးချယ်ရမည့် အရာတစ်ခုဖြစ်ပါသလား။ ____________

၁၃။ ယာကုပ် ၅း၁၆ တွင်၊ "တစ်ယောက်နှင့်တစ်ယောက်" လုပ်ဆောင်သင့်သော အချက်(၂)ချက်မှာ မည်သည့် အရာများဖြစ်သနည်း။ ____________ နှင့် ____________ ဖြစ်သည်။

၁၄။ ၁ပေ ၅း၅ အရ၊ ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်များသည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက်မည်ကဲ့သို့ ဝတ်ဆင်ကြရမည်နည်း။ ____________ အဘယ်ကြောင့်နည်း။ ____________

<u>**ဆွေးနွေးချက်။**</u> အခြားသောတပည့်တော်များနှင့်အတူသင်ယူခဲ့သောအရာအားလုံးတို့၏ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်၍၊သူတို့ထံမှ ရရှိသော အခြားသောမည်သည့်နိယာမများကိုမဆိုရေးသားပါ။ ____________

____________

____________

____________

ခရစ်တော်၏ခန္ဓာကိုယ်သင်းဝင်ဖြစ်ခြင်းနှင့်ပတ်သက်၍ အသက်တာတွင် ပြောင်းလဲရန် လိုအပ်သောအရာများက မည်သည့် အရာများဖြစ်သနည်း။ ____________

____________

____________

____________

<u>လက်တွေ့လုပ်ဆောင်ခြင်း။</u> သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့် အချိန်တွင်လုပ်ဆောင်မည်နည်း။ ____________

____________

____________

____________

# သင်ခန်းစာ – ၅
# ပွဲတော်မင်္ဂလာ (တမန်၊ ၂း၄၂)




မိရိုးဖလာနှင့်လုပ်ရိုးလုပ်စဉ်များသည် သခင်ဘုရားညစာစားပွဲတော်၏အသက်နှင့်အဓိကသွေးကြောများကို မကြာခဏ စုပ်ယူလေ့ရှိ သည်။ အောက်မေ့ဘို့ရန်သုံးဆောင်ကြသောအခါ၊ မုန့်(ကိုယ်တော်၏ခန္ဓာကိုယ်ကိုပုံဆောင် – ကိုယ်တော်ဖြစ်သည့် အတိုင်း)နှင့် ခွက် (ကိုယ်တော်၏အသွေး – ကိုယ်တော်လုပ်ဆောင်ပေးသောအရာ)ကို အမှန်တကယ် ကျေးဇူးတင်ခြင်း၊ မိမိကိုယ်ကို လေးလေးနက်နက်စစ်ဆေးခြင်း၊နှင့်ကိုယ်တော်ပြန်လာသည့်အချိန်ထိ ညီအစ်ကိုမေတ္တာဖြင့်လုပ်ဆောင်ဘို့ရန်၊ ကျွန်ုပ်တို့အား မိန့်ဆိုခဲ့ပါသည်။ ထိုအောက်မေ့ဘွယ် လိုက်နာဆောင်ရွက်ချက်သည် ကျွန်ုပ်တို့အား သတင်းကောင်း၏အရသာကို ခံစားခွင့်ပေးသည်။

<u>**စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း**</u>။ ဖတ်ရှု၍အောက်ပါမေးခွန်းများကိုကွက်လပ်တွင်ဖြေဆိုပါ။

၁။ ထွ၊ ၁၂း၁၂ – ၁၄ အရ၊ ဘုရားသခင်သည်အသွေးကိုမြင်သောအခါ မည့်သည့်အရာကို လုပ်ဆောင်လိုသနည်း။ ____________________ တံခါးထုပ်တို့တွင် အသွေးမရှိပါက၊ ဘုရားသခင်သည် မည်သို့လုပ်ဆောင်လိမ့်မည်နည်း။ ____________________ ယနေ့တွင် ဘုရားလူမျိုးများအတွက် ထိုအကြောင်းအရာသည် မည်သည် အရာဖြစ်မည်နည်း။ ____________________ ၁ကော ၅း၇ အရ၊ ကျွန်ုပ်တို့၏ ပသခါ သိုးသူငယ်သည်မည်သူဖြစ်သနည်း။ ____________________

၂။ မ၊ ၂၆း၂၆ – ၂၈ အရ၊ ယေရှုပြောသောမုန့်၏ပုံဆောင်ချက်သည်မည်သည့်အရာဖြစ်သနည်း။ __________ ခွက်၏ပုံဆောင်ချက်သည် မည်သည့်အရာဖြစ်သနည်း။ ____________________

၃။ လု၊ ၂၂း၁၉ အရ၊ သခင်ဘုရား၏ညစာစားပွဲကို ယေရှုသည်အဘယ့်ကြောင့်လုပ်ဆောင်စေလိုသနည်း။
________________________________________

၄။ ယော၊ ၆း၃၃ – ၃၅နှင့်၄၈ – ၅၁ အရ၊ ယေရှုသည် မည်သူဖြစ်သနည်း။ ____________________
________________________________________
________________________________________

၅။ ဟေ၊ ၅၃း၅နှင့် ၁ပေ ၃း၁၈ အရ၊ ယေရှုသည် မည်သည့်အရာကိုလုပ်ဆောင်သနည်း။ __________
________________________________________
________________________________________

၆။ တ၊ ၂း၄၂ တွင် ကနဦးအသင်းတော်များ မည်သည့်အရာကိုလုပ်ဆောင်ကြသနည်း။ ____________________

၇။ တ၊ ၂၀း၇၊၁၁ အရ၊ ခုနစ်ရက်တွင် ပဌမနေ့ရက်၌ အတူတကွစုဝေးကြသောအခါ ကနဦးအသင်းတော်သည် မည်သည့် အရာကို လုပ်ဆောင်ခဲ့သနည်း။ ____________________

၈။ ၁ကော ၊ ၁၁း၂၃ - ၃၀ တွင် အဘယ်ကြောင့် တပည့်တော်တို့သည်ပွဲတော်မင်္ဂလာကိုသုံးဆောင်ကြသနည်း။ (၂၄ - ၂၅) ____________________

ပွဲတော်မင်္ဂလာကို သုံးဆောင်သည့်အခါတွင် သင်သည်မည်သည့်အရာကိုကြွေးကြော်ရမည်နည်း။(၂၆)

____________________

မုန့်နှင့်စပျစ်ရည်ကို မထိုက်တန်စွာ သုံးဆောင်ခြင်းသည် မည်သို့သုံးဆောင်ခြင်းဖြစ်သနည်း။ (၂၇ - ၂၉)

____________________

သင်သည် ထိုက်တန်အောင် လုပ်ဆောင်နိုင်သောနည်းလမ်းတစ်စုံတစ်ရာရှိပါသလား။ (၂၇ - ၂၈)

____________________

ပွဲတော်မင်္ဂလာကို သုံးဆောင်ကြသောအခါ၊ တပည့်တော်တို့ကမည်သည့်အရာကိုလုပ်ဆောင်သင့်သနည်း။ (၂၈) ____________________

ထိုကြောင့် မည်သူ၏ခန္ဓာကိုခွဲခြားသိမြင်ရမည်နည်း။(၂၉) ____________________

မည်သူသည်ထိုက်တန်ပါသနည်း။ ____________________

၉။ အများသောသူတို့သည် အားနည်း၍မကျန်းမမာဖြစ်ပြီး၊ အချို့သောသူများပင်လျှင်သေဆုံးရခြင်းသည်အဘယ့်ကြောင့်ဖြစ်ရသနည်း။(၂၉ - ၃၀) ____________________

____________________

**<u>ဆွေးနွေးချက်။</u>** အခြားသောတပည့်တော်များနှင့်အတူသင်ယူခဲ့သောအရာအားလုံးတို့၏ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်၍၊သူတို့ထံမှ ရရှိသော အခြားသောမည်သည့်နိယာမများကိုမဆိုရေးသားပါ။ ____________________

____________________

____________________

____________________

ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ အသက်တာတွင် ပြောင်းလဲရန် လိုအပ်သောအရာများက မည်သည့် အရာများ ဖြစ်သနည်း။ ____________________

____________________

____________________

**<u>လက်တွေ့လုပ်ဆောင်ခြင်း။</u>** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့် အချိန်တွင်လုပ်ဆောင်မည်နည်း။ ____________________

____________________

____________________

____________________

**<u>ကိုယ်ပိုင်သက်သေခံချက်</u>** ။ သင်၏ကယ်တင်ရှင်အဖြစ် သခင်ယေရှုကို ယုံကြည်သောသူဖြစ်လာသည့်အချိန်မှစ၍ ပွဲတော်မင်္ဂလာကြောင့် ပြောင်းလဲမှုနှင့်ကြီးထွားမှုတို့နှင့်ပတ်သက်၍ မည်သို့နားလည်သိရှိသနည်း။ ____________________

____________________

____________________

____________________

# ၃။ တပည့်တော်တို့ သမ္မာကျမ်းစာလေ့လာမှုတွင် တည်ဆောက်ခြင်း

## သင်ခန်းစာ – ၆

## သမ္မာကျမ်းစာကိုလေ့လာရန် လမ်းညွှန်ချက်များ

သမ္မာကျမ်းစာကို မည်သို့လေ့လာရမည်နည်းဟူသောအရာကို စတင်ခြင်းမပြုမှီ၊ တမန်၊ ၈း၂၆ – ၃၈ ရှိ၊ဖိလိပ္ပုနှင့် အမတ်ကြီး တို့၏ အကြောင်းကို ဖတ်ကြည့်ပါ။ ယင်းအကြောင်းအရာထဲမှ နိယာမသော့ချက်(၄)ချက်ကို ရှာဖွေကောက်နုတ်နိုင်ပါသည်။ ယင်းတို့မှာ **<u>လေ့လာသုံးသပ်ခြင်း</u>**(အငယ် - ၂၈)၊ **<u>ဆင်ခြင်အောက်မေ့ခြင်း</u>**(အငယ် - ၃၀)၊ **<u>ဆွေးနွေးခြင်း</u>**(အငယ် - ၃၁ - ၃၅)၊ **<u>လက်တွေ့အသုံးပြုခြင်း</u>**(အငယ် - ၃၆ - ၃၈) စသည့်တို့ဖြစ်သည်။

**၁။ <u>လေ့လာသုံးသပ်ခြင်း</u>။ "ယင်းကိုကြည့်ပါ" - မည်သည့်အရာကိုပြောဆိုနေသနည်း။**

- အချက်အလက် - ကျမ်းစာပြောနေသောအရာကို ရှာဖွေလေ့လာပါ။
- ယင်းတို့ကိုတွေ့မြင်နိုင်ရန်၊ **သန့်ရှင်းသောဝိညာဉ်တော်ဘုရား**၏ မစမှုကိုတောင်းခံပါ။

**<u>လေ့လာသုံးသပ်ခြင်း</u>**။သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိနားလည်ဘို့ရန် အခြေခံကျသော အဓိက သော့ချက်ဖြစ်သည်။ ယင်းတို့မှာ မိတ်ဆွေ၏နှလုံးသားနှင့်စိတ်နှင့် ကိုဗဟိုပြုကာ ခွဲခြားမှုမရှိသော နှုတ်ကပတ်တော် စာပိုဒ်တစ်ခုကို အာရုံစိုက်ခြင်းနှင့် ဘုရားသခင်ပြောနေသောအရာတို့ကို ရှာဖွေရန်လိုအပ်သော ထိုနှုတ်ကပတ်တော် အကြောင်းအရာ၊ အဖြစ်အပျက် စသည့်တို့ ဖြစ်သည်။ ကျမ်းပိုဒ်များကို ကြိမ်ဖန်များစွာ ဖတ်ရှုခြင်းက မိတ်ဆွေအား အထောက်အကူ ဖြစ်စေပြီး၊ မည်သည့်အကြောင်းအရာများ ဖြစ်ပျက်နေသလဲ၊ မည်သူတွေ ပါဝင်နေသလဲ၊ ဖြစ်ပျက်တဲ့ နေရာ ဘယ်နေရာမှာလဲ၊ မည်သည့်အချိန်တွင်ဖြစ်ပျက်နေသလဲ စသည့်တို့ကို မိမိကိုယ်ကို မေးမြန်းရပါမည်။ အကြောင်း အရာကို ဖတ်ရှုပြီးမှသာ လျှင် သင်၏လေ့လာသုံးသပ်ခြင်းကို အကျဉ်းချုပ်ပါ။

ဥပမာတစ်ခုအနေဖြင့်၊ မဿဲ၊ ၆း၃၃ တွင် ကျမ်းစာပြောဆိုသောအရာကို ရှာဖွေကြပါစို့။ အငယ် ၃၃ ကို နားလည် ဘို့ ရန်၊ အငယ် ၂၄ - ၃၄ အထိ ဖတ်ရန် လိုအပ်ပါသည်။ ထိုအရာကို ဖတ်ပြီးပါက၊ အငယ် ၃၃ တွင်၊ ယေရှုပြောဆိုနေသော အရာတွက် သင်၏လေ့လာသုံးသပ်သော အရာတို့ကို ရေးချပါ။ အောက်ဖော်ပြချက်သည် သင်အစပြုနိုင်ရန် ဥပမာ တစ်ခု ဖြစ်သည်။ သင်အနေဖြင့် ပို၍လေ့လာမိသော အရာတို့ကို ထက်၍ ထည့်သွင်းနိုင်သည်။

***<u>သင်သည် ဘုရားနှင့်ငွေ နှစ်ခုစလုံးကို အစေခံနိုင်မည်မဟုတ်ပါ။ မည်သို့စားရမလဲ၊ မည်သို့သောက်ရမလဲ၊ မည်သို့ ဝတ်ရမလဲ ဆိုတာတွေ အတွက် မစိုးရိမ်ပါနဲ့၊ ဘုရားသခင်သည် ငှက်များကိုကျွေးမွေးကာ၊ ပန်းပင်တို့ကို အဝတ်နှင့် ဖုံးလွှမ်းပေးပြီး၊ ကျွန်ုပ်တို့ လိုအပ်ချက် ကိုလည်း သိတော်မူ၏။ ကိုယ်တော်အား ဦးစွာ ရှာပါ။ သင့်အတွက် လိုအပ်သော အရာနှင့်ပစ္စည်းဥစ္စာတို့ကို ပေါင်းထည့်ပေးမည်။ ထိုကြောင့် မနက်ဖြန် နှင့် ပစ္စည်းဥစ္စာတို့အတွက် မစိုးရိမ်ပါနဲ့။</u>***

**၂။ <u>ဆင်ခြင်အောက်မေ့ခြင်း</u>။ "ယင်းကိုတွေးကြည့်ပါ" - မည်သည့်အနက်အဓိပ္ပါယ်ရှိသနည်း။**

- အလင်းပြခြင်း - ကျမ်းစာပြောနေသောအရာကို ရှာဖွေလေ့လာပါ။
- ယင်းတို့ကိုနားလည်နိုင်ရန်၊ **သန့်ရှင်းသောဝိညာဉ်တော်ဘုရား**၏မစမှုကိုတောင်းခံပါ။

**<u>ဆင်ခြင်အောက်မေ့ခြင်း</u>**။သင်၏လေ့လာသုံးသပ် ခဲ့သောအကြောင်းအရာကို စဉ်းစားတွေးခေါ်ခြင်း (သို့) ဆင်ခြင်အောက် မေ့ခြင်းသည် ကျမ်းစာရှိစာပိုဒ်တစ်ခု၏အဓိပ္ပါယ်ကို ဘာသာပြန်ဆိုခြင်း (သို့) သဘောပေါက်နားလည်ရန် အထောက် အကူပေးပါမည်။ ယင်းအဓိပ္ပါယ်ကိုနားလည်သဘောပေါက်ရန် နည်းလမ်းတစ်ခုမှာ စာရေးသူမှ စာဖတ်သူတို့အား သိစေ လိုသော အကြောင်းအရာကို တွေးတော်ဆင်ခြင်ရန် ဖြစ်သည်။ ပေးထားသောစာသားကို နားလည်ဘို့ရန်သင်သိလိုသော မေးခွန်းများ၏ အဖြေကို စာပိုဒ်ပါအကြောင်းအရာ က ဖြေရှင်းပေးပါသည်။ အခြား တန်ဘိုးထားနိုင်သော အရာတစ်ခုမှာ သမ္မာကျမ်းစာရှိ အခြားသောကျမ်းပိုဒ်များက သင့်အားနားလည်သဘောပေါက်ရန် ဖေးမပေးနိုင်သည်။ အထက်ပါ၊ အဆင့် ၁ ရှိ၊ လေ့လာ သုံးသပ်ခြင်း ကိုယခုကြည့်၍ ကိုယ်ကိုကိုယ်မေးမြန်းနိုင်ပါသည်။ "၆း၃၃ နှင့်ပတ်သက်၍ယေရှုသည် ကျွန်ုပ်တို့အား နားလည်စေလိုသော အကြောင်းအရာသည် မည်သည့်အရာဖြစ်သနည်း။" ယင်းကျမ်းပိုဒ်၏ အဓိပ္ပါယ်သည် မည်သည့်အရာဖြစ်သနည်း။ သင်၏ အတွေးနှင့် အဓိကသော့ချက် နိယာမ တို့ကို အောက်ပါအတိုင်း အကျဉ်းချုပ်ပါ။

*သင်သည် ဘုရားနှင့်ပစ္စည်းစသည့် ငွေ၊ အစားအစာနှင့် အဝတ်တို့နှင့်အတူ အစေခံနိုင်မည်မဟုတ်ပါ။ ယင်းတို့အထဲမှ တစ်ခု မဟုတ် တစ်ခုဖြစ်ရပါမည်။ သင်သည် သခင်နှစ်ဦးကို အစေခံပါက၊ စိုးရိမ်ခြင်းကို ခံစားရပါမည်။ အဘယ်ကြောင့်ဆိုသော်၊ သင်စိတ်နှင့်နှလုံးသား သည် သီးခြားဖြစ်နေသောကြောင့်ဖြစ်သည်။ သင်သည် သခင်တစ်ပါးတည်းဖြစ်သော ဘုရားသခင်ကိုသာ အစေခံရပါမည်။ ကိုယ်တော်ကိုသာ ပထမနှင့် တစ်ဦးတည်းသာ ထားရှိရပါမည်။ သင်သည် ဘုရားသခင်ကို စိတ်ချမှုအပြည့်နှင့် စိတ်ချကိုးစားရပါမည်။ အဘယ်ကြောင့်ဆိုသော်၊ ကိုယ်တော်သည် သင်၏လိုအပ်ချက်ကို သိသောဘုရားဖြစ်သည်။ အမှန်စင်စစ်၊ ကိုယ်တော်သည် ငှက်တို့ကို အစားအစာ ၊ အပင်တို့ကို အဝတ် နှင့် ဖုံးလွှမ်းတော်မူလျှင် ၊ သူသည် သင်၏လိုအပ်ချက်များကိုလည်း ကြည့်ရှုပေးပါမည်။*

**၃။ ဆွေးနွေးခြင်း။ “ယင်းကို ပြောဆိုဆွေးနွေးပါ” - သူတစ်ပါးသည် မည်သည့်အရာကိုပြောဆိုနေသနည်း။ မှတ်စု၊ ဤခြေလှမ်းသည် အဆင့် - ၂ ရှိ၊ ဆင်ခြင်အောက်မေ့ခြင်းနှင့်ရောထွေးသွားတတ်သည်။ အကယ်၍ သင်သည် တိတ်ဆိတ်စွာ အချိန်ယူ လေ့လာခြင်းကို တစ်ဦးတည်းလုပ်ဆောင်ပါက၊ ဆွေးနွေးခြင်း ကဏ္ဍကို လုပ်ဆောင်ခြင်း မရှိသေးပါ။**

- အပြန်အလှန်ပြောဆိုခြင်း - သူတစ်ပါးပြောဆိုနေသောအရာကို ရှာဖွေပါ။
- သူတစ်ပါးထံမှ သင်ယူနိုင်ရန် **သန့်ရှင်းသောဝိညာဉ်တော်**၏ ဖေးမမှုအတွက်၊ ဆုတောင်းပါ။

ဆွေးနွေးခြင်း ကို အဖွဲ့အတွင်း တစ်ဦးခြင်းဆွေးနွေးလုပ်ဆောင်ခြင်းသည် ရှေးအကျဆုံးနှင့် အထိရောက်ဆုံးသော နည်းစနစ် တစ်ခုဖြစ်သည်။ ယင်းသည် မေးခွန်းများမေးမြန်းခြင်းနှင့် အဖြေများကို ပြောဆိုခြင်းအားဖြင့် အတွေးအခေါ်များနှင့် စိန်ခေါ်ချက် တို့ကို ခန့်မှန်းသိမြင်နိုင်သည်။ ဆွေးနွေးခြင်းကို ကနဦးအသင်းတော်တို့သည် အခြားသူတို့၏အသက်တာနှင့်သာသနာ လုပ်ငန်းများတွင် စိန်ခေါ်မှုခြင်း နှင့် တိုက်တွန်းခြင်းများကို ပြုသောအခါ အသုံးပြုလေ့ရှိသည်။ (တ၊ ၁၇း၂၊ ၁၇း၁၇၊ ၁၈း၄၊ ၁၈း၁၉၊ ၁၉း၈ - ၉၊ ၂၄း၂၅) အဆင့် ၂ ရှိ၊ သင်၏ဆင်ခြင်အောက်မေ့သော တွေးတောချက်များနှင့် အဓိကသော့ချက်တို့ကို သူတစ်ပါးနှင့် တိုင်ပင် ဆွေးနွေးပါ။

ဆွေးနွေးခြင်း။ မဿဲ ၆း၃၃ မှသင်ယူလေ့လာခဲ့သော နိယာမတို့နှင့် ယနေ့ သင့်၏အသက်တာ အတွေ့အကြုံနှစ်ခုတို့ အကြား ကွဲပြားခြားနားချက် တို့ကို ရေသားပါ။ *ယနေ့ လောကကြီးတွင် အစေခံခြင်း၊ ဘဝကို ရင်းနှီးမြှုပ်နှံခြင်းနှင့် အင်အားများ စသည်တို့သည် လောကကြီးနှင့် သခင်ထံတော်တွင်လည်း ရှိရန်ကြိုးစားကြသည်။ ကျွန်ုပ်တို့သည် ငွေကြေး၊ ပျော်ရွှင်စရာနှင့် မိမိစိတ်ကြိုက်အသက်ရှင်မှု နှင့် သခင် ယေရှု စသည့်တို့ကို အတူတကွ ရရှိခံစားနိုင်သည်ဟု ကျွန်ုပ်တို့၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာများက ပြောဆိုသည်။*

အသက်တာတွင် ပြောင်းလဲရန် လိုအပ်သောအရာများက မည်သည့်အရာများ ဖြစ်သနည်း။ *သခင် (၂) ပါးအား အစေခံခြင်း ကို ရပ်တန့်ပါ။ ခရစ်တော်တစ်ဦးကိုသာ အစေခံပါ။ အကယ်၍ အကျွန်ုပ်သည် ဘုရားကိုရှာကြည့်ပါက၊ ကိုယ်တော်သည် ကျွန်ုပ်၏လိုအပ်ချက်အားလုံးအတွက် ထောက်ပံ့ပေးမည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအရာတို့အတွက် စိုးရိမ်ပူပန်ရန် မလိုအပ်တော့ပါ။*

**၄။ လက်တွေ့လုပ်ဆောင်ခြင်း။ “ယင်းကို လုပ်ဆောင်ပါ” - ကျွန်ုပ်၏အသက်တာတွင် ယင်းကို မည်သို့အသုံးချမည်နည်း။**

- ပုံသဏ္ဍာန်ပြောင်းလဲခြင်း - ကျမ်းစာ၏လုပ်ဆောင်ချက်များကို ရှာဖွေပါ။
- ထိုအရာကို လုပ်ဆောင်နိုင်ရန် **သန့်ရှင်းသောဝိညာဉ်တော်**၏ ဖေးမမှုအတွက်၊ ဆုတောင်းပါ။

လက်တွေ့လုပ်ဆောင်ခြင်း သည် ကျမ်းစာကိုလေ့လာခြင်း၏ရလဒ်ဖြစ်သင့်သည်။ ကျွန်ုပ်တို့၏အသက်တာများကို ယေရှုခရစ် တော်၏ပုံရိပ်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးသည် နက်ရှိုင်းစွာ ကြီးထွားလာရန်ဖြစ်သည်။ လက်တွေ့လုပ်ဆောင် ခြင်း အဆင့် သည် ထိုမေးခွန်းများကို ဖြေဆိုခြင်းအားဖြင့် ပြီးဆုံးသွားခြင်း မဟုတ်ဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သင့်အား ဖော်ပြ သော အရာတို့ကို လက်တွေ့ကျင့်သုံးခြင်း ဖြစ်သည်။ ဘုရားသခင်၏စကားကို နားထောင်၍ နှုတ်ကပတ်တော်ကို နာခံခြင်းသည် ခရစ်တော်၌နက်ရှိုင်းသော သင်၏ ဆက်ဆံရေးတွင် အံ့ဘွယ်ကောင်းသော ရလဒ်နှင့် ပျော်ရွှင်မှုများ တွေ့ရပါမည်။

လက်တွေ့လုပ်ဆောင်ခြင်း။ သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့် အချိန်တွင် လုပ်ဆောင်မည်နည်း။

*ကျွန်ုပ်သည် အချိန်နှင့် အင်အားများကို သခင်၏နိုင်ငံတော်နှင့် ကိုယ်တော်၏အမှုတော်တွင် ပထမဦးဆုံး မြှုပ်နှံပါမည်။ ယင်းသည် ကျွန်ုပ်၏ ကိုယ်ပိုင် စိတ်ကျေနပ်မှုနှင့် အကျိုးတရားတွက် မဟုတ်ပါ။ ကျွန်ုပ်၏ကယ်တင်ရှင်၊ သခင်တစ်ပါးနှင့် အသက်ရှင်သော နှုတ်ကပတ်တော် ကိုသာ အစေခံရန်နှင့် နာခံဘို့ရန် ယနေ့မှ စ၍ကျွန်ုပ်ရွေးချယ် ဆုံးဖြတ်ပါသည်။ လောက၊ ကျွန်ုပ်အတွက်၊ ငွေကြေး၊ အရာဝတ္ထုနှင့် အပျော်အပါးနှင့် ခရစ်တော်ကို ပူးတွဲအစေခံရန် ကြိုးစားခြင်းကို ကျွန်ုပ်ရပ်တန့်ပါမည်။*

# သင်ခန်းစာ – ၇
# သမ္မာကျမ်းစာလေ့လာခြင်းကို လက်တွေ့အသုံးပြုခြင်း

**(ကြိုးစားပါ)**၊ မာကု၊ ၁း၃၅ ကို ဤအဆင့်(၄)ဆင့်ကိုအသုံးပြုခြင်းအားဖြင့် လေ့လာပါ။

**၁။ <u>လေ့လာသုံးသပ်ခြင်း</u> "ယင်းကိုကြည့်ပါ" – မည်သည့်အရာကိုပြောဆိုနေပါသနည်း။**

- သတင်းအချက်အလက် – ကျမ်းစာပြောနေသောအရာကို ရှာဖွေလေ့လာပါ။ ယင်းတို့ကိုမြင်တွေ့နိုင်စေရန်၊ **သန့်ရှင်းသော ဝိညာဉ်တော် ဘုရား**၏ မစမှုကိုတောင်းခံပါ။

**<u>လေ့လာသုံးသပ်ခြင်း</u>** သည် မာကု၊ ၁း၃၅ ကိုဖတ်၍ဖြစ်ပျက်နေသောအရာ၊ ပါဝင်နေသောသူများ၊ ဖြစ်ပျက်သော နေရာနှင့် ဖြစ်ပျက်သောအချိန်စသည့်တို့ကိုရေးချပါ။ ယခုအချိန်တွင်၊ သင်အဖြေများနှင့် လေ့လာသုံးသပ်ချက်များကို အတိုချုပ်ရေးပါ။ ____________________________________________

____________________________________________

**၂။ <u>ဆင်ခြင်အောက်မေ့ခြင်း</u> "ယင်းကိုတွေးကြည့်ပါ" – မည်သည့်အနက်အဓိပ္ပါယ်ရှိသနည်း။**

- ဖွင့်ပြခြင်း – ကျမ်းစာပြောနေသောအရာကို ရှာဖွေလေ့လာပါ။ ယင်းတို့ကို နားလည်သဘောပေါက်ရန်၊ **သန့်ရှင်းသော ဝိညာဉ်တော်**၏ မစမှုကို တောင်းခံပါ။ အကယ်၍ အခြားသူတို့နှင့်အတူ လုပ်ဆောင်ပါက၊ အဆင့် ၂ သည် အဆင့် ၃ နှင့်ရောထွေးသွားနိုင်ပါသည်။

**<u>ဆင်ခြင်အောက်မေ့ခြင်း</u>** မာကု၊ ၁း၃၅ကို ဆင်ခြင်အောက်မေ့ခြင်းတွင်၊ ရေးသားထားသော အကြောင်းအရာကို စာဖတ်သူတို့မှ နားလည်သဘောပေါက်ရန်၊ စာရေးသူမှ ရည်ရွယ်ထားသောအရာသည် မည်သည့်အရာဖြစ်ဟု ထင်မြင်မိပါသနည်း။ အဘယ်ကြောင့် ဘုရား သခင်၏နှုတ်ကပတ်တော်ထဲတွင် ဤအရာကို ရေးထားပါသနည်း။ ယခု သင့်၏အတွေးနှင့် ဖွင့်ပြခြင်းတို့ကို အကျဉ်းချုပ်ရေးသားပါ။ ____________________________________________

____________________________________________

____________________________________________

**၃။ <u>ဆွေးနွေးခြင်း</u>** "ယင်းအကြောင်းကိုပြောပါ" အခြားသူများမည်သည့် အရာကိုပြောဆိုသနည်း။

- အပြန်အလှန်ပြောဆိုခြင်း – အခြားသောသူများပြောနေသောအရာကိုရှာဖွေလေ့လာ၍ထိုသူတို့ထံမှ လေ့လာသင်ယူနိုင်ရန်၊ **သန့်ရှင်းသောဝိညာဉ်တော်ဘုရား** ၏မစမှုကိုတောင်းခံပါ။

**<u>ဆွေးနွေးခြင်း။</u>** မာကု၊ ၁း၃၅ မှလေ့လာသောနိယာမများနှင့် ယနေ့ သင့်အသက်တာအတွေ့အကြုံကို နှိုင်းယှဉ်ပါ။

____________________________________________

ယခုမှစ၍ သင့်အသက်တာ၌မည်သည့် ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်သနည်း။ ____________________________________________

____________________________________________

____________________________________________

**၄။ <u>လက်တွေ့အသုံးပြုခြင်း</u>** "လုပ်ဆောင်ပါ" မည်ကဲ့သို့ ကျွန်ုပ်၏အသက်တာတွင် လက်တွေ့အသုံးပြုမည်နည်း။

- ပုံသဏ္ဍာန်ပြောင်းလဲခြင်း – သမ္မာကျမ်းစာလုပ်ဆောင်သောအရာကို ရှာဖွေလေ့လာ၍ ထိုအရာတို့ကို လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန်၊ **သန့်ရှင်းသောဝိညာဉ်တော်ဘုရား** ၏မစမှုကိုတောင်းခံပါ။

**<u>လက်တွေ့လုပ်ဆောင်ခြင်း။</u>** ထိုပြောင်းလဲမှုတို့ကိုသင့်အသက်တာတွင် မည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့်အချိန်တွင်လုပ်ဆောင်မည်နည်း။ ____________________________________________

____________________________________________

____________________________________________

# တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း – အပိုင်း (၂)

တမန်တော်ရှင်ပေါလုပြောဆိုခဲ့သည်မှာ *"ထိုသို့ အခြားသူတည်သော တိုက်မြစ်အပေါ်မှာ ငါထပ်၍ မတည်မဆောက်။ ခရစ်တော်၏ နာမကိုမကြားဘူးသော အရပ်၌ ဧဝံဂေလိတရားကို ဟောခြင်းငှာ စေတနာစိတ်နှင့်ငါကြိုးစား အားထုတ်လေ့ရှိ၏။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား ထိုသူ၏အကြောင်းကို အဘယ်သူမျှမပြောဘူးသော်လည်း၊ သူတို့သည် မြင်ကြလိမ့်မည်။ မကြားဘူးသော သူတို့သည်နားလည်ကြလိမ့်မည်ဟု လာသတည်း"*(ရောမ ၁၅း၂၀ - ၂၁)။ တ၊ ၁၄း၂၁ - ၂၂ တွင် ဖတ်ရသည့်အတိုင်း တပည့်တော် ပေါ်ပေါက်စေသော သတင်းကောင်းကို တမန်တော် ရှင်ပေါလုသည် ဝေငှပြီးနောက်တွင်၊ တပည့်တော်သစ်များ (သို့)လေ့လာသောသူများတို့အား *"ယုံကြည်ခြင်း၌ဆက်လက် မြှောက်လှမ်းရန်"* ရှင်ပေါလုသည် တပည့်တော်သစ်များနှင့် လေ့လာသင်ယူနေသောသူတို့အား **တည်ဆောက်ခြင်းနှင့် ခိုင်ခန့်စေခြင်း** အလို့ငှာ ပြန်လည်သွားရောက်ခဲ့သည်။

တမန်တော် ရှင်ပေါလုသည် တပည့်တော်များမွေးထုတ်ခြင်းကိုသာ အာရုံစိုက်နေခြင်းမဟုတ်ဘဲ၊ ထိုတပည့်တော်များသည် တည်ဆောက် ခြင်းနှင့် ခိုင်ခန့်ခြင်းရှိဘို့ရန် အလိုရှိသည်။




ယုံကြည်သူလူသစ် တည်ဆောက်ခဲ့သော တပည့်တော်

ခိုင်ခန့်စေခြင်း" (သို့) "တည်ဆောက်ခြင်း" စကားလုံးသည် မူရင်း ဂရိဘာသာစကား "sterizo" မှဆင်းသက်လာခြင်းဖြစ်ပြီး၊ အဓိပ္ပါယ်မှာ "ပို၍ခိုင်ခန့်အောင်လုပ်ဆောင်ခြင်း၊ ခိုင်မြဲစေခြင်း(သို့)နေရာတွင် တည်မြဲစေခြင်း" ဟုခေါ်ပါသည်။ ယင်း၏အသုံးပြုပုံသည် ရှင်ပေါလုသည် တပည့်တော်သစ်များအတွက် ဖြစ်စေလိုသောအချက်နှင့် ပတ်သက်၍အဓိသော့ချက် အမြင်သစ်ကို ပေးပါသည်။ ထိုသူတို့ကို မိမိတို့၏ယုံကြည်ခြင်းအပေါ်၌ "ခိုင်ခံစေခြင်း (သို့) မြဲမြံ စေခြင်း" ရှိရန် လိုလားသောသူဖြစ်သည်။ စာသားအရကြည့်မည်ဆိုပါက၊ "ကိုယ်တိုင်မားမားမတ်မတ်ရပ်တည်ရန် တစ်စုံတစ်ခုနှင့် အထောက်အကူဖြစ်စေခြင်း (သို့) မြဲမြံစေခြင်းဟု အဓိပ္ပါယ်ရှိပါသည်။ သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်း မရှိမှီ၊ လှုပ်ရှားမှုမရှိစေခြင်းဟုလည်း အဓိပ္ပါယ်ရှိပါ သည်။" ဥပမာအားဖြင့်၊ မူရင်းစာသားအရ စပျစ်ပင်တစ်ပင်ကို ဖေးမရန်ပြုလုပ်ထားသော ငုတ်တိုင်တစ်ခုအဖြစ် ရှင်းပြထားပါသည်။ (အပေါ်ရှိ ပုံကိုကြည့်ပါ။) ထိုကြောင့် ရှင်ပေါလုသည် တပည့်တော်သစ်များနှင့် တပည့်တော်ဖြစ်ပြီး သောသူများအား မှားယွင်းသောဩဝါဒများ နှင့်သွန်သင်ချက် တို့ကြောင့် ချက်ခြင်းတုန်လှုပ်သွားသောသူ (သို့) လှုပ်ရှားသူ မဖြစ်ရအောင်၊ မိမိကိုယ်ကိုရပ်တည်ခြင်းနှင့် တည်ငြိမ်ခြင်းရှိရန်ဆန္ဒရှိပါသည်။

တပည့်တော်သစ်များအား ခိုင်ခန့်ခြင်းရှိစေဘို့ရန်၊ ရှင်ပေါလုသည် ထိုအသင်းတော်များသို့ လည်ပတ်ခြင်းသာမဟုတ်၊ စာစောင်များကို ရေးသားကာ တပည့်တော်သစ်များနှင့်တပည့်တော်ဖြစ်ပြီးသောသူတို့အား မည်သို့တည်ဆောက်ရမည်ကို ရှင်းလင်းထားပါသည်။ သင်ခန်းစာ ၁ နှင့် ၂ ကိုဖတ်ရှုသောအခါ၊ မည်သည့်တပည့်တော်သစ်ကိုမဆို ပြည့်စုံအောင် တည်ဆောက်ဘို့ရန် နှုတ်ကပတ်တော် ကျွန်ုပ်တို့လိုအပ်ကြောင်း၊ ယင်းလိုအပ်သောအရာအားလုံးတို့အတွက် ကျေးဇူးတော် နှင့် လုံလောက်စွာ ထောက်ပံ့ပေးထားသောအရာများ ဘုရားသခင်၌ရှိကြောင်း ဖေါ်ပြထားပါသည်။ ရှင်ပေါလုသည် သမ္မာကျမ်းစာ တွင် စာစောင်မည်မျှ ရေးသားခဲ့သနည်း။ ဟုတ်၊ ၁၃ စောင် ဖြစ်ပါသည်။ ကျမ်းစာထဲရှိ အစီအစဉ်အတိုင်း ထိုကျမ်းစာများ၏ အမည်များကို ပြောပြနိုင်ပါသလား။ ရှင်ပေါလု၏ တည်ဆောက်ပုံ အဆင့်များကို ပို၍နားလည်နိုင်ရန်၊ သူ၏စာစောင် ၁၃ စောင်ကို ရေးခဲ့သည့် ရာစုနှစ်အလိုက် စီကြပါစို့။ ယင်းသည် ကျမ်းစာထဲရှိ အစီအစဉ်တိုင်း မဟုတ်ပါ။ ကျမ်းစာထဲရှိ အစီအစဉ်တိုင်းမှာ အခန်းကြီးများသော စာစောင်(ရောမဩဝါဒစာ) မှ အခန်းကြီးအနည်းဆုံး စာစောင် (ဖိလေမုန်ဩဝါဒစာ)သို့ ထားရှိခြင်း ဖြစ်သည်။

သူ၏စာစောင်များကို ကျမ်းစာထဲတွင်ရှိသောစာစဉ်ပုံစံ (အကြီးဆုံးစာစောင်မှအသေးဆုံးစာစောင်သို့) အစား ဤကဲ့သို့တွေ့မြင်နိုင်သည်။




အဘယ်ကြောင့် ဤသို့လုပ်ဆောင်သနည်းဟု သင်တွေးတောမိနိုင်သည်။ သူ၏စာစောင်များကို ရာစုနှစ် အလိုက် ခွဲထားခြင်း အားဖြင့် ယင်းတို့ကို လက်တွေ့ကျခြင်းနှင့် စနစ်တကျရှိအောင် အပိုင်း(၃) ပိုင်းကို ဓမ္မအတွေးအခေါ်တိုင်း ခွဲခြားနိုင်ပါသည်။

**<u>ရှင်ပေါလု၏အစောပိုင်းစာစောင်များ</u> (သတင်းကောင်း၏ကျေးဇူးတော်၌တည်ဆောက်ခြင်းနှင့် ခုခံကာကွယ်ရန်အတွက်အသုံးပြုခြင်း)**

| | |
|---|---|
| **ဂလာတိသြဝါဒစာ၊** | ဝိညာဉ်တော်၊ ယုံကြည်ခြင်းနှင့် စင်ကြယ်သော သတင်းကောင်းသို့ပြန်သွားခြင်း။ |
| **၁ နှင့် ၂ သက်သာလောနိတ်သြဝါဒစာ၊** | သတင်းကောင်း၌ခိုင်ခံ့စွာရပ်တည်ခြင်း။ |
| **ကောရိန္သုသြဝါဒစာ ပထမစာစောင်၊** | ကွဲပြားမှုကို သတင်းကောင်းအားဖြင့်သာဖြေရှင်းခြင်း။ |
| **ကောရိန္သုသြဝါဒစာ ဒုတိယစာစောင်၊** | သတင်းကောင်း၏အမှုတော်နှင့်အမှုဆောင်ခြင်းကို ခုခံပြောဆိုခြင်း။ |
| **ရောမသြဝါဒစာ၊** | သတင်းကောင်းနှင့်ပတ်သက်၍ပြည့်စုံသော ဟောပြောမှုနှင့် လုပ်ဆောင်မှုကိုဝေငှခြင်း။ |

**<u>ရှင်ပေါလု၏အလယ်ပိုင်းစာစောင်များ</u> (ဘုရားသခင်၏စီမံကိန်းတွင်အသင်းတော်များ တစ်လုံးတစ်ဝတည်းရှိရန်အတွက်အသုံးပြုခြင်း)**

| | |
|---|---|
| **ဖေက်သြဝါဒစာ၊** | အသင်းတော်၏နက်နဲလျှို့ဝှက်ချက်ကိုဖမ်းကိုင်ခြင်းနှင့် ခရစ်တော်၏စီမံကိန်းကို ထင်ရှားစေခြင်း။ |
| **ဖိလိပ္ပိသြဝါဒစာ၊** | အသင်းတော်နှင့် သတင်းကောင်း၏တိုးတက်မှုကဏ္ဍာတို့တွင် တစ်လုံးတစ်ဝ ဖြစ်ခြင်း |
| **ကောလောသဲသြဝါဒစာ၊** | အသင်းတော်၏ဦးခေါင်း၌သာ အာရုံစိုက်ခြင်း။ |
| **ဖိလေမုန်သြဝါဒစာ၊** | သတင်းကောင်း၏တိုးတက်မှုကဏ္ဍာတွင် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းဖြင့် ပါဝင်ဆက်ကပ်ခြင်း။ |

**<u>ရှင်ပေါလု၏နှောင်းပိုင်းစာစောင်များ</u> (ဘုရားသခင်၏အိမ်တော်အားစနစ်တကျထားရှိခြင်းအတွက်အသုံးပြုခြင်း)**

| | |
|---|---|
| **၁ တိမောသေသြဝါဒစာ၊** | သူ၏အသင်းတော်၊ ဘုရားသခင်အိမ်တော်၏ အသက်ရှင်လုပ်ရှားမှုတို့ကို စီမံထားခြင်း |
| **တိတုသြဝါဒစာ၊** | စစ်မှန်သောသြဝါဒ၌အသင်းတော်များ ပြည့်စုံစွာတည်ဆောက်ခြင်းဖြင့် ကျန်ကြွင်းသော အရာတို့ကိုစီမံထားခြင်း |
| **၂တိမောသေသြဝါဒစာ၊** | မျိုးဆက်သစ်အတွက် သစ္စာရှိသောခေါင်းဆောင်များကို ကောင်းမွန်စွာ လေ့ကျင့်ပေးခြင်းဖြင့် လက်ဆင့်ကမ်းပေးခြင်း။ |

ရှင်ပေါလုသည် “လိမ္မာသော ဗိသုကာပညာရှင်ဖြစ်သည် (၁ကော၊ ၃း၁၀)။ သူ၏စာစောင်များကို ဘုရား၏အိမ်တော်နှင့် မိသားစု၏အခြေခံ အုတ်မြစ်အတွက် ရာစုနှစ်လိုက်တည်ဆောက်သော အုတ်ခဲများအဖြစ်ဖော်ပြနိုင်သည်။ ဥပမာအားဖြင့်၊ ပေါလု၏ပထမစာစောင် (သို့) **အစောပိုင်းကာလစာစောင်** များသည် ယေရှုခရစ်တော်တည်းဟူသော စင်ကြယ်သော ကျေးဇူးတော်သတင်းကောင်း၌ တပည့်တော်သစ်များကိုတည်ဆောက်ဘို့ရန် ရေးသားခဲ့ခြင်းဖြစ်သည်။ ဤပုံကားချပ်သည်၊ ရှင်ပေါလု၏စာစောင်များကို ရာစုနှစ်အလိုက်သော လည်းကောင်း၊ သီအိုလောဂျီသဘောတရား အရသော် လည်းကောင်း၊ ရှင်းပြရာတွင် အထောက်အကူပေးပါလိမ့်မည်။




ရှင်ပေါလုသည် အသင်းတော်တည်ထောင်ခြင်းတွင် လိမ္မာသောဗိသုကာဖြစ်သည့်အတိုင်း၊ သူ၏စာစောင်များကို “အသုံးပြုသော ကိရိယာ” အဖြစ် စဉ်းစားကြပါစို့။ လိမ္မာသောဗိသုကာ ပညာရှင်နှင့် စက်ပြင်ဆရာတို့သည် လုပ်ငန်းခွင်တွင် လိုအပ်သော ကရိယာကိုသိသကဲ့သို့၊ တပည့်တော်တစ်ဦးသည် တပည့်တော်သစ်တစ်ဦးအား ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ခိုင်ခန့်ခြင်း နှင့်တည်ဆောက်ခြင်းရှိရန် လေ့လာသင့်ပါသည်။ အောက်ပါ ကရိယာများကို ကြည့်၍ တစ်ခုချင်းစီ မည်သို့အသုံးပြု သည့်ကို ဖော်ပြရပါမည်။




ဤအရာသည် ရိုးရှင်းသောဖြစ်သော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကိရိယာတန်ဆာအဖြစ် အသုံးပြုနိုင်သော တတ်စွမ်းနိုင်မှုနှင့် နားလည်နိုင်ခြင်းတို့တွင် အားနည်းနေသည်မှာ အံ့အားသင့်ဖွယ် တွေ့ရပါသည်။ လက်သမားများနှင့် စက်ပြင်သမားများတို့သည် သူတို့၏လုပ်ငန်းအတွက် ကရိယာများကို သိသကဲ့သို့ တပည့်တော်တစ်ဦးစီသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်သို့အသုံးပြုရမည်ကို လေ့လာ၍ သိထားသင့်ပါသည်။ ထိုတန်ဆာပလာတို့သည် ခရစ်တော်၏ နောက်လိုက်ရာတွင်၊ ကျွန်ုပ်တို့တွေ့ကြုံနိုင်သော မည်သည့်ပြဿနာများကိုမဆို၊ ဖြေရှင်းရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျေးဇူးတော်အားဖြင့် ပေးထားပါသည်။ (၂တိ၊ ၃း၁၆ - ၁၇)

ခိုင်ခန့်သောတပည့်တော်တစ်ဦးအဖြစ်၊ တည်ဆောက်ရာတွင် သင့်အားကူညီပေးရန် ထိုအမျိုးအစား (၃)ခုထဲမှ ကရိယာတစ်ခု (သို့) စာစောင်တစ်ခုကိုယူ၍ကျွန်ုပ်တို့လုပ်ဆောင်ကြပါစို့။ ဥပမာအားဖြင့်၊ သင်ခန်းစာ (၈)တွင်၊ “စင်ကြယ်သော ကျေးဇူးတော်၏ သတင်းကောင်း” တွင် သင်အားတည်ဆောက်ဘို့ရန်၊ အစောပိုင်းစာစောင်များထဲမှ ဂလာတိ ဩဝါဒစာကို ကျွန်ုပ်တို့အသုံး ပြုကြပါမည်။ ထိုနောက် သင်ခန်းစာ (၉) တွင် “ဘုရားသခင်၏ထာဝရစီမံကိန်းနှင့် ရည်ရွယ်ချက် တွင် တစ်လုံးတစ်ဝတည်း” တွင် သင့်အားတည်ဆောက်ရန်၊ အလယ်ပိုင်းစာစောင်များထဲမှဧဖက်ဩဝါဒစာကို အသုံးပြုပါမည်။ နောက်ဆုံး သင်ခန်းစာ (၁၀)တွင် “စနစ်တကျရှိသောဘုရားသခင်၏အိမ်တော်” တွင် သင်အားတည်ဆောက်ဘို့ရန်၊ နှောင်းပိုင်း စာစောင်များထဲမှ ၁တိမောသေ ဩဝါဒ စာစောင်ကို အသုံးပြုပါမည်။ “စင်ကြယ် သော ကျေးဇူးတော် ၏ သတင်းကောင်း” သည် ခရစ်ယာန်ယုံကြည်ခံယူချက်တွင် အလွန် အရေးပါသောအရာတစ်ခုဖြစ်၍ ကျွန်ုပ်တို့ အစပြုကြပါမည်။

# ၄။ တပည့်တော်များ စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း၌ တည်ဆောက်ခြင်း
## သင်ခန်းစာ – ၈

| စင်ကြယ်သောကျေးဇူးတော်၏ သတင်းကောင်း<br>**အစောပိုင်းစာစောင်များ** | **အေဒီ ၄၈–၅၇** |
|---|---|

<u>ဂလာတိသြဝါဒစာ</u> သည်ပေါလု၏အစောပိုင်းစာစောင်ဖြစ်ပြီး၊ စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း၌ ယုံကြည်သူများကို တည်ဆောက်ဘို့ရန် ရေးသားခဲ့သည်။ ပညတ်တော်ကို စောက်ရောက်ခြင်းကြောင့် (သို့) အကျင့်ကြောင့်မဟုတ်ဘဲ၊ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာခြင်းနှင့် လွတ်မြောက်ခြင်းကို ခံစားရသောတပည့်တော်တစ်ဦးဖြစ်ကြောင်းကို ဤစာစောင်မှ သွန်သင်ပေးပါသည်။ တပည့်တော်များအတွင်း သန့်ရှင်းသော ဝိညာဉ်တော်၏နေရာတွင် ဇာတိကို အစားထိုးမှုသည် လူကြိုက်များသောအချက်ဖြစ်ကြောင်းကို ဤစာစောင်မှ ဖေါ်ထုတ်ပေးသည်။ **မှတ်ချက်၊ ဂလာတိသြဝါဒစာ သင်ခန်းစာကို** ***အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်းစာအုပ်*** သင်ခန်းစာ ၁၃ စာမျက်နှာ ၉၈ တွင် တွေ့ရပါမည်။

<u>**စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း**</u> ပေးထားသောမေးခွန်းများနှင့် ကျမ်းပိုဒ်တို့ကိုဖတ်ပါ။ ကွက်လပ်များတွင် အဖြေများကိုရေးပါ။ အခန်းတစ်ခုစီ၏အဓိပ္ပါယ်များကိုအကျဉ်းချုပ်၍ဆင်ခြင်အောက်မေ့ပါ။ သင့်၏လေ့လာခြင်း အဆုံးတွင် အခြားသူများနှင့်ဆွေးနွေးခဲ့သော အရာအားလုံးကိုအသုံးပြုပါ။ ထိုအရာအားလုံးသည်သင့်ကိုယ်ပိုင် အသက်တာ အတွက် လေ့လာခဲ့ရသော အရာများဖြစ်ပါစေ။

<u>**အခန်းကြီး ၁း၁–၂၄ ပေါလုနှင့်စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း**</u>

၁။ ပေါလု၏တမန်တော်အရာသည်မည်သူ့ထံမှရောက်ရှိလာခြင်းမဟုတ်သနည်း။(၁) ______

ထိုအရာသည် သည်မည်သူကြောင့်ဖြစ်လာသနည်း။ ______

၂။ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် မည်သည့်နေရာမှလာသနည်း။(၃) ______

ပေါလုသည် သခင်ယေရှုခရစ်တော်ကို မည်သို့ဖေါ်ပြသနည်း။(၄) ______

______

၃။ အဘယ်ကြောင့် ပေါလုအံ့အားသင့်သနည်း။(၆) ______

______

၄။ သတင်းကောင်းကိုထင်ယောင်ထင်မှားဖြစ်စေသောသူတို့အား မည်သို့ကိုင်တွယ်မည်နည်း၊ (၈ - ၉)

______ ယင်းကို ပေါလုအကြိမ်ပေါင်းမည်မျှပြောဆိုခဲ့သနည်း။ ______

၅။ ဘုရားသခင်၏အတည်ပြုချက်ကို ပေါလုသည်ရှာဖွေနေကြောင်း မည်သို့သိရှိနိုင်မည်နည်း။(၁၀)

______

ပေါလုရှာဖွေခဲ့သောအတည်ပြုချက်သည် ဘုရားထံမှ(သို့မဟုတ်)လူထံမှဖြစ်သလော။ ______

၆။ ပေါလုသည် သတင်းကောင်းကို မည်သို့ရရှိခဲ့သနည်း။(၁၁ - ၁၂) ______

၇။ ပေါလု၏စိတ်အားထက်သန်လွန်းခြင်းသည် မည်သူ့အတွက်ဖြစ်သနည်း။(၁၃ - ၁၄) ______

၈။ ပေါလုကို မည်သည့်အချိန်၌ခွဲခန့်ထားသနည်း။(၁၅ - ၁၆) ______

သူသည် မည်သို့ခေါ်ခြင်းခံရသနည်း။ ______

ဘုရားကို ကျေနပ်စေသောပေါလု၏လုပ်ဆောင်ချက်သည် မည်သည့်အရာဖြစ်မည်နည်း။

______

ဘုရားသခင်သည် မိမိ၏သားတော်ကို ပေါလုအား အဘယ်ကြောင့်ထင်ရှားစေသနည်း။ ______

၉။ ပေါလု၏ပြောင်းလဲခြင်းနှင့်ပတ်သက်၍ လူတို့သည်မည်သို့ပြောကြသနည်း။ (၂၃) ______

______

၁၀။ ပေါလုအားဖြင့် မည်သူ၏ဘုန်းထင်ရှားမည်နည်း။(၂၄) ______ အဘယ်ကြောင့်နည်း။ ______

**<u>ဆင်ခြင်အောက်မေ့ခြင်း။</u> ပေါလုအသက်တာအားဖြင့် စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းကို မည်ကဲ့သို့ ဖေါ်ထုတ် ခဲ့သနည်း။အဖြေကိုအကျဉ်းချုပ်ရေးပါ။** ______

______

______

**<u>အခန်းကြီး ၂း၁–၂၁၊</u> ကျေးဇူးတော်နှင့်ပညတ်တရား**

၁။ အဘယ်ကြောင့်ပေါလုသည်ယေရှုရှလင်မြို့သို့သွားသနည်း။(၁ - ၃) ______

______

၂။ တိတ်ဆိတ်စွာဖြင့်၊ ညီအစ်ကိုအယောင်ဆောင်သောသူတို့အား အသင်းတော်ထဲသို့ပို့ဆောင်ပြီး၊ မည်သည့် အရာကို လုပ်ဆောင် စေကြသနည်း။ (၄ - ၅) ______

အဘယ့်ကြောင့်သူတို့အပေါ်သို့ သူလျှိုလုပ်ကြသနည်း။ ______

အဘယ်ကြောင့်ပေါလုသည်ထိုသူတို့ကိုအလျှော့မပေးသနည်း။ ______

၃။ ယာကုပ်၊ ကေဖနှင့်ယောဟန်တို့သည် လက်ျာလက်ခံခြင်းမိတ်သဟာယကို ပေါလုအားအဘယ်ကြောင့်ပေးသနည်း။ (၆-၉) ______

ပေါလုသည် မည်သူထံသို့ သွားခဲ့သနည်း။ ______

၄။ အဘယ်ကြောင့်ပေါလုသည်ပေတရုအားဆီးတားခဲ့သနည်း။(၁၁ - ၁၃) ______

______

______

၅။ သူတို့၏မှားယွင်းသောအပြုအမူသည် မည်သည့်အရာဖြစ်သနည်း။(၁၄) ______

၆။ အပြစ်ရှိသောသူသည် ဘုရားရှေ့မှောက်တွင်မည်ကဲ့သို့ ဖြောင့်မတ်ခြင်းခံစားရမည်နည်း။(၁၅ - ၁၆)

______

တစ်စုံတစ်ယောက်သည်ပညတ်တော်ကိုလိုက်လျှောက်ခြင်းကြောင့်ဖြောင့်မတ်ခြင်းခံစားရမည်လော။ ______အဘယ်ကြောင့်မခံစားရသနည်း။ ______

၇။ ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်တွင် အသေခံပြီးပါက၊ ယခုသင့်အထဲတွင် အသက်ရှင်သူသည် မည်သူဖြစ်သနည်း။(၁၉ - ၂၁) ______ ယခုရှင်သောအသက်ရှင်ခြင်းသည် မည်သို့အသက်ရှင်ခြင်း ဖြစ်သနည်း။ ______ မည်သည့်အရာသည် ဘုရားသခင်၏ကျေးဇူးတော်မှ ပယ်ဖျက်နိုင်သနည်း။

______

**<u>ဆင်ခြင်အောက်မေ့ခြင်း။</u> စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းနှင့်ပညတ်တော်တို့အကြား၊ ခြားနားမှုများသည် မည်သည့်အရာများဖြစ်မည်နည်း။ သင့်အဖြေကို အကျဉ်းချုပ်ရေးပါ။** ______

______

______

______

**<u>အခန်းကြီး၊ ၃း၁–၂၉။</u> ကျေးဇူးတော်နှင့်အကျင့်(လုပ်ဆောင်ချက်)များ**

**အခန်းကြီး ၃း၁–၂၉ ကျေးဇူးတော်နှင့်အကျင့်(လုပ်ဆောင်ချက်များ)**

၁။ ဂလာတိသားတို့သည် ဝိညာဉ်တော်ကို မည်ကဲ့သို့ရရှိကြသနည်း။(၁-၃) ______

ဝိညာဉ်တော်နှင့်အစပြုပြီးပါက၊ ပြည့်ဝစုံလင်ဘို့ရန် ယခုထိုသူတို့သည် မည်ကဲ့သို့ကြိုးစား လုပ်ဆောင် ကြသနည်း။ ______

၂။ ဝိညာဉ်တော်နှင့်နိမိတ်လက္ခဏာတို့၏လုပ်ဆောင်ချက်တို့ကို ဘုရားသခင်သည် မည်သို့ထောက်မပေးသနည်း။ (၅) ______

၃။ အာဗြဟံကို ဖြောင့်မတ်သူအဖြစ် မည်ကဲ့သို့ရေတွက်သနည်း။(၆) ______

၄။အာဗြဟံ၏သားကဲ့သို့ ကောင်းကြီးမင်္ဂလာခံစားရသောသူသည်မည်သူဖြစ်သနည်း။(၇-၉) ______

၅။ အကယ်၍ပညတ်တရားအပေါ်ကိုသာ အားကိုးနေပါက၊ သင်သည် မည်သည့်အရာ၏ အောက်တွင်ရှိသနည်း။(၁၀) ______

၆။ ဖြောင့်မတ်သောသူသည် မည်သို့အသက်ရှင်ရမည်နည်း။ (၁၁) ______

၇။ သင့်အတွက် မည်သူသည် ကျိန်ခြင်းကို ခံရသနည်း။ (၁၃) ______

၈။ အာဗြဟံ၏ကောင်းကြီးမင်္ဂလာသည် တစ်ပါးအမျိုးသားဆီသို့ မည်သို့သက်ရောက်လာသနည်း။ (၁၄) ______ ထိုကောင်းကြီးမင်္ဂလာအားဖြင့် သင်သည်မည်သည့် အရာကို ရရှိမည်နည်း။ ______

၉။ အာဗြဟံ၏အမျိုးအနွယ်သည် မည်သူဖြစ်သနည်း။ (၁၅-၁၉) ______

အာဗြဟံဆီသို့ထိုအမွေတော်ကို ဘုရားသခင်သည် မည်ကဲ့သို့ပေးသနည်း။ ပညတ်တော်(သို့) ဂတိတော်ကြောင့်လား။ ______ ဂတိတော်ကြောင့်ဖြစ်ပါက၊ ဘုရားသခင်သည် ပညတ်တော်ကို အဘယ်ကြောင့် ပေးသနည်း။ ______

၁၀။ အပြစ်၏ချုပ်နှောင်ခြင်းခံသူတို့အတွက် ဂတိတော်ကိုမည်သို့ပေးခဲ့သနည်း။ (၂၂) ______

ဂတိတော်ကိုမည်သူအားပေးခဲ့သနည်း။ ______

၁၁။ အဘယ့်ကြောင့် ပညတ်တော်ကိုပေးခဲ့သနည်း။ (၂၄-၂၅) ______

အဘယ့်ကြောင့်သင်သည်ပညတ်တော်၏ထိန်းသိမ်းမှုအောက်တွင်ရှိမနေတော့ပါသနည်း။ ______

**<u>ဆင်ခြင်အောက်မေ့ခြင်း။</u> ဘုရားသခင်၏ရှေ့မှောက်တွင်၊ အပြစ်မရှိဘဲ၊ ဖြောင့်မတ်သောသူဖြစ်ကြောင်းကိုအပြစ်ရှိသောသူသည် မည်ကဲ့သို့ကြေငြာနိုင်မည်နည်း။ အကျဉ်းချုပ်၍ဖြေဆိုပါ။** ______

______

______

______

**အခန်းကြီး ၄း၁–၃၁ ကျေးဇူးတော်နှင့်ကယ်တင်ခြင်း**

၁။ အချိန်ကာလစေ့သောအခါ၊ ဘုရားသခင်သည် မည်သူကိုစေလွှတ်မည်နည်း။ (၄-၅) ______

အဘယ့်ကြောင့်နည်း။ ______

၂။ သင့်၏နှလုံးသားထဲသို့ ဘုရားသခင်သည် မည်သူကို စေလွှတ်ခဲ့သနည်း။ (၆) ______

၃။ ထိုကြောင့်သင်သည်နောက်တစ်ဖန် ______ မဖြစ်၊ ______ ပင်ဖြစ်ကြ၏။ ______ လည်းဖြစ်၏။(၇)

၄။ သားဖြစ်ခြင်းအခွင့်မရမီ၊ သင်သည်မည်သည့်နေရာတွင်ရှိသနည်း။ (၈-၉) ______

ဘုရားသခင်နှင့်သင့်၏အသစ်သောဆက်ဆံရေးသည် မည်ကဲ့သို့ရှိသနည်း။ ______

၅။ ဂလာတိလူတို့အထဲ၌ ပေါ်လုသည် မည်သူ ၏ပုံသဏ္ဍာန်ကို လိုလားပါသနည်း။ (၁၉) ______

၆။ အာဖြဟံတွင် သား(၂)ယောက်ရှိသည်။ (၂၂ - ၂၆) သားတစ်ဦးစီရှိသောမိန်းမတို့သည် မည်ကဲ့သို့သော အမျိုးအစားဖြစ်သနည်း။ ____________ နှင့် ________________________။ သားတစ်ဦးစီသည် မည်ကဲ့သို့မွေးဖွားလာသနည်း။ (၂၃) ________________________ နှင့် ____________________
ထိုသားနှစ်ယောက်၏ပဋိညာဉ်(၂)ပါးသည်မည်သည့်အရာကို ကိုယ်စားပြုသနည်း။ (၂၅ - ၂၆) ____________
____________________________________ နှင့် ________________________________

၇။ သားနှစ်ယောက်တို့၏ ကွဲပြားချက်များနှင့် နှိုင်းယှဉ်ချက်များကို အခန်းငယ် ၂၈ - ၃၀ တွင် ရှာဖွေပါ။ ________

________________________________________________________________

၈။ ထိုကြောင့်သင်သည် ______________ သားမဟုတ်၊ ______________ မိန်းမ၏သားဖြစ်သည်။ (၃၁)
**<u>ဆင်ခြင်အောက်မေ့ခြင်း။</u> တမန်တော်ရှင်ပေါလုသည် ကယ်တင်ခြင်းကို ပညတ်တော်အားဖြင့်မဟုတ်၊ စင်ကြယ်သော ကျေးဇူးတော်၏ သတင်းကောင်း သက်သက်သာဖြစ်ကြောင်းကို မည်ကဲ့သို့သက်သေပြခဲ့သနည်း။ အကျဉ်းချုပ်၍ ဖြေဆိုပါ။** ________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

**အခန်းကြီး၊ ၅း၁ – ၂၆ ကျေးဇူးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်**

၁။ အဘယ်ကြောင့် ခရစ်တော်သည်သင့်အားလွတ်ခြင်းအခွင့်ကိုပေးသနည်း။ (၁) ________________
ထိုကြောင့်ထိုလွတ်ခြင်းအခွင့်တွင် သင်သည်အဘယ်ကြောင့်ခိုင်မာစွာရပ်တည်ရမည်နည်း။ ____________

________________________________________________________________

၂။ ကျေးဇူးတော်မှသွေဖယ်သွားအောင် သင့်ကို မည်သည့်အရာက ပြုလုပ်စေသနည်း။(၄) ______________
၃။ အငယ်(၆)အရ၊ သင့်ကိုသတ်မှတ်ထားသည့်တစ်ခုတည်းသောအရာကမည်သည့်အရာဖြစ်မည်နည်း။

________________________________________________________________

၄။ သတင်းကောင်း၏သမ္မာတရားနာခံဘို့ရန် ဆီးတားသောအရာသည် မည်သည့်အရာဖြစ်မည်နည်း။ (၇)

________________________________________________________________

အဘယ်ကြောင့်နည်း။ ________________________________________________
၅။ လက်ဝါးကပ်တိုင်ကိုထိမိ၍လဲစရာအကြောင်းကိုမည်ကဲ့သို့ဖယ်ရှားရမည်နည်း။ (၁၁) ______________
၆။ ပညတ်တရားရှိသမျှကို မည်သည့်စကားတစ်လုံးဖြင့် ပြည့်စုံစေနိုင်မည်နည်း။ (၁၄) ______________
၇။ ဇာတိ၏ဆန္ဒနောက်သို့မလိုက်ရန် မည်ကဲ့သို့လုပ်ဆောင်ရမည်နည်း။ (၁၆) ________________
ဝိညာဉ်တော်၌လျှောက်လှမ်းခြင်းသည်မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ________________
၈။ အချင်းချင်းဆန်ကျင့်နေသောအရာသည်မည်သည့်အရာဖြစ်သနည်း။ (၁၇) ________________
အဘယ်ကြောင့် ထိုအရာတို့သည်ဆန့်ကျင့်နေကြသနည်း။ ____________________

________________________________________________________________

၉။ ပညတ်တရား၏အောက်တွင်မရှိအောင်မည်သို့လုပ်ရမည်နည်း။ (၁၈) ________________
၁၀။ ဇာတိ၏အကျင့်တို့သည် မည်သည့်အရာများဖြစ်သနည်း။ (၁၉ - ၂၁) ________________

________________________________________________________________

________________________________________________________________

________________________________________________________________

၁၁။ ဝိညာဉ်ပကတိအသီး(အကျိုး)မှာမည်သည့်အရာများဖြစ်သနည်း။(၂၂-၂၃)________________

________________

________________

၁၂။ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့တွင် မည်သည့်အရာများဖြစ်ပျက်လာသနည်း။ (၂၄)________________

________________

၁၃။ ဝိညာဉ်ပကတိအတိုင်းအသက်ရှင်ပါက၊ မည်ကဲ့သို့ပြုမူသင့်သနည်း။ (၂၅) ________________

**ဆင်ခြင်အောက်မေ့ခြင်း။ ဇာတိပကတိဖြင့်အသက်ရှင်ခြင်းနှင့်ဝိညာဉ်ပကတိဖြင့်အသက်ရှင်ခြင်းတို့၏ခြားနားမှုသည် မည်သည့်အရာများ ဖြစ်မည်နည်း။အကျဉ်းချုပ်ဖြေဆိုပါ။** ________________

________________

________________

________________

**အခန်းကြီး၊ ၆း၁-၁၈ ကျေးဇူးတော်နှင့် ဘုရားသခင်၏ဘုန်းတော်**

၁။ တစ်စုံတစ်ယောက်သည် အပြစ်ပြုမိသောအခါ၊ သူ(သို့) သူမကိုပြန်၍မစရန် မည်သူကလုပ်ဆောင်မည်နည်း။ (၁)

________________ "ဝိညာဉ်နှင့်ဆိုင်သော" ဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ________________

"ဝိညာဉ်နှင့်ဆိုင်သော" အရာဖြစ်ခြင်းသည် အဘယ်ကြောင့်အရေးကြီးသနည်း။ ________________

ထိုသူတို့ကို မည်သို့ပြန်၍မစရမည်နည်း။ ________________

သင်သည်မည်သူကိုသတိပြုရမည်နည်း။ ________________ အဘယ်ကြောင့်နည်း။ ________________

________________

၂။ သင်သည် မိမိကိုယ်ကို မည်သို့လှည့်ဖြားနိုင်သနည်း။ (၃) ________________

၃။ သင့်အသက်တာအတွက် မည်သည့်အရာကိုလုပ်ဆောင်သင့်သနည်း။ (၄) ________________

၄။ အကယ်၍သင်သည်ဇာတိပကတိ၌မျိုးစေ့ကြဲပါက၊ မည်သည့်အရာကိုရိတ်သိမ်းရမည်နည်း။ (၇-၉)

________________ အကယ်၍ဝိညာဉ်ပကတိ၌မျိုးစေ့ကြဲပါက၊ မည်သည့်အရာကိုရိတ်သိမ်း ရမည်နည်း။ ________________ အဘယ်ကြောင့် သင်သည် အားမလျော့သင့်သနည်း။ (၉)

________________ ထိုကြောင့် ငါတို့သည် အားမလျှော့ဘဲ၊ စိတ်မပျက်ဘဲ၊

________________ ________________ ကိုကျင့်ကြကုန်အံ့။(၉)

၅။ အဘယ်ကြောင့်လူတို့သည်အရေးဖျားလှီးခြင်းကိုလုပ်ဆောင်ကြသနည်း။ (၁၂-၁၃) ________________

________________

၆။ သင်ဝါကြွားနိုင်သောတစ်ခုတည်းသောအရာသည်မည်သည့်အရာဖြစ်သနည်း။ (၁၄) ________________

၇။ အမှန်တကယ်အရေးထားသင့်သော တစ်ခုတည်းသောအရာသည် မည်သည့်အရာဖြစ်သနည်း။ (၁၅)

________________ "သတ္တဝါသစ်ဖြစ်ခြင်း" အနက်ကို မည်သို့ထင်မြင်ပါသနည်း။

________________

၈။ ဤနည်းဥပဒေအတိုင်း လိုက်လျှောက်သောသူတို့အပေါ်သို့ မည်သည့်အရာရောက်ရှိလာမည်နည်း။ (၁၆)

________________

**ဆင်ခြင်အောက်မေ့ခြင်း။** စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းသည်မိမိကိုယ်ကိုနှင့် လူသားတို့ဆီသို့ မပာတ်ဘဲ၊ ဘုရားသခင်ထံ၊ဘုန်းတော်ကိုမည်သို့သယ်ဆောင်သွားနိုင်သနည်း။အကျဉ်းချုပ်ဖြေပါ။

**ဆွေးနွေးခြင်း။** စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းသည်ပညတ်တော်နှင့်လုပ်ဆောင်မှုတို့နှင့်ပတ်သက်၍ ခြားနားမှုတို့ကို ရေးသားပါ။

ဂလာတိဩဝါဒစာရှိ ကျေးဇူးတော်၏သတင်းကောင်းကို သင့်အသက်တာနှင့်သင့်မိသားစုကို နှိုင်းယှဉ်ပါ။ အခြားသူများ ထံမှသင်ယူရသော အခြားသောနိယာမတိုကိုလည်းရေးချပါ။

စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းထဲတွင် ပို၍ကောင်းအောင်တည်ဆောက်ဘို့ရန်၊ သင့်အသက်တာတွင် လိုအပ်သော ပြောင်းလဲမှုများက မည်သည့်အရာများဖြစ်မည်နည်း။

**လက်တွေ့လုပ်ဆောင်ခြင်း။** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊မည်သည့်အချိန် တွင်လုပ်ဆောင် မည်နည်း။

**ပေါလု၏အစောပိုင်းကာလစာစောင် (၅) စောင်သည် (ပထမနှင့်ဒုတိယ သက်သာလောနိတ်ဩဝါဒစာ၊ ပထမနှင့်ဒုတိယ ကောရိန္သုစာစောင်၊ နှင့် ရောမဩဝါဒစာ) တို့ဖြစ်ပါသည်။ ဤစာစောင်များသည် လေ့လာဘို့ရန် ရွေးယူခွင့်ရှိသော စာစောင်များဖြစ်သည်။ ထိုအကြောင်းအရာတို့ကို *အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်း* သင်တန်းလက်စွဲ၏ စာမျက်နှာ ၁၀၀ - ၁၀၇ တွင် တွေ့နိုင်ပါသည်။**

# ၅။ တပည့်တော်များ ဘုရားသခင်၏ထာဝရစီမံကိန်း၌တည်ဆောက်ခြင်း

## သင်ခန်းစာ – ၉

| | |
|---|---|
| ဘုရားသခင်၏စီမံကိန်းနှင့်ရည်ရွယ်ချက်တွင် တစ်လုံးတစ်ဝတည်းရှိခြင်း<br>**အလယ်ပိုင်းစာစောင်များ** | **အေဒီ ၆၀–၆၃** |
| စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း<br>**အစောပိုင်းစာစောင်များ** | **အေဒီ ၄၈–၅၇** |

<u>**ဧဖက်သြဝါဒစာသည်**</u> ပေါလု၏အလယ်ပိုင်းစာစောင်များထဲမှပထမဆုံးရေးထားသောစာစောင်ဖြစ်သည်။ အကျဉ်းကျခံရစဉ် တွင်ရေးထားခြင်းဖြစ်ပြီး၊ ရာစုပေါင်းများစွာ တိမ်မြုပ်နေသော ခရစ်တော်သည် ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့်သူ၏ထာဝရစီမံကိန်းတွင် ယုံကြည်သူ များကို တည်ဆောက်ခြင်းနှင့် တစ်လုံးတစ်ဝတည်းဖြစ်ဘို့ရန် ရေးသားထားခြင်းဖြစ်သည်။ သို့သော်ယခုပြန် လည်ဖေါ်ထုတ်ခံရပြီးဖြစ်သည်။ ကျွန်ုပ်တို့အထဲတွင် လှုပ်ရှားနေသော ဘုရားသခင်၏ကျေးဇူးတော်သည် တန်ခိုးတော်ဖြင့် တစ်ဦးချင်း၊ မိသားစုတိုင်းနှင့် သူ၏အသင်းတော်အပေါ်တို့တွင် ကျေးဇူးတော်၏သတင်းကောင်းသည် မည်သို့သက်ရောက်မှုရှိကြောင်းကို ပေါလုသည် ဖေါ်ထုတ်ပြသခဲ့သည်။ **မှတ်ချက်၊ ဧဖက်သြဝါဒစာ သင်ခန်းစာကို *အသင်းတော်အတွက် ဘုရားသခင်၏ စီမံကိန်း* သင်တန်းလက်စွဲ၊ သင်ခန်းစာ ၁၈ စာမျက်နှာ ၁၀၈ တွင် တွေ့နိုင်ပါသည်။**

<u>**စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း**</u> ပေးထားသောမေးခွန်းများနှင့်ကျမ်းပိုဒ်တို့ကိုဖတ်ပါ။ ကွက်လပ်များတွင် အဖြေများကိုရေးပါ။ အခန်းတစ်ခုစီ၏အဓိပ္ပါယ်များကိုအကျဉ်းချုပ်၍ဆင်ခြင်အောက်မေ့ပါ။ သင့်၏လေ့လာခြင်း အဆုံးတွင် အခြားသူများနှင့်ဆွေးနွေးပြီး၊ လေ့လာသင်ယူခဲ့ရသောအရာအားလုံးကို သင့်ကိုယ်ပိုင်အသက်တာအတွက် လက်တွေ့အသုံးပြုပါ။

<u>**ဧဖက်သြဝါဒစာ ၁း၁–၂၃ – ခရစ်တော်၏စီမံကိန်း၏ ကောင်းကြီးများနှင့်ပိုင်ဆိုင်မှုများ။**</u>

၁။ ခရစ်တော်၌ရွေးကောက်ကောင်းကြီးပေးသောသူသည် မည်သူနည်း။ (၃) ______
သူသည် သင့်အားမည်သည့်ဓမ္မမင်္ဂလာပေးသနည်း။ ______

၂။ ခရစ်တော်၌ဘုရားသခင်သည် သင့်ကိုမည်သည့်အချိန်တွင်ရွေးကောက်ခဲ့သနည်း။ (၄) ______
အဘယ်ကြောင့်သူသည်သင့်အားရွေးကောက်ခဲ့သနည်း။ ______ နှင့် ______

၃။ ဘုရားသခင်သည် သင့်ကိုရှေးမဆွကပင်ခွဲခန့်ထားခြင်းသည် မည်သည့်အတွက်ဖြစ်သနည်း။(၅) ______
______ အဘယ်ကြောင့်သင့်အားမွေးစားခဲ့သနည်း။(၆) ______

၄။ ခရစ်တော်၏အသွေးတော်အားဖြင့် သင်သည်မည်သည့်အရာကိုရရှိသနည်း။ (၈) ______
ရွေးနှုတ်ခြင်း၏အဓိပ္ပါယ်မှာ ______

၅။ ခရစ်တော်၌နက်နဲသောအရာသည် သင့်အားမည်သည့်အရာကိုသိရှိစေသနည်း။ (၉-၁၀) ______
______

၆။ ခရစ်တော်၌ သင်သည် မည်သည့်အရာကို ရရှိသနည်း။(၁၁) ______

၇။ အဘယ်ကြောင့် ဘုရားသခင်သည် သင့်အားရှေးမဆွကပင် ရွေးကောက်တော်မူသနည်း။ (၁၁-၁၂)______
______

၈။ ခရစ်တော်နှင့်အတူတံဆိပ်ခတ်ခြင်းသည် မည်သည့်အတွက်ကြောင့်ဖြစ်သနည်း။ (၁၃)______
သန့်ရှင်းသောဝိညာဉ်တော်သည် မည်သည့်အာမခံချက်ကို ပေးသနည်း။ (၁၄) ______

၉။ ဧဖက်သားတို့၏ယုံကြည်ခြင်းနှင့်ချစ်ခြင်းကို ပေါလုသည် မည်သို့တုန့်ပြန်ခဲ့သနည်း။ (၁၆) ______

၁၀။ ပေါလုသည် ဖေက်သားတို့အား မည်သည့်အရာကို သိရှိနားလည်ရန် အလိုရှိသနည်း။ (၁၈ - ၁၉) ________

________

၁၁။ ဘုရားသခင်သည် မိမိ၏သားတော်အား အသင်းတော်တွင်မည်သည့်အရာကိုပေးသနည်း။(၂၂) ________

________

အသင်းတော်ဆိုသည်မှာ အဘယ်နည်း။(၂၃) ________

<u>ဆင်ခြင်အောက်မေ့ခြင်း</u>**။ ခရစ်တော်၌ရှိသော သင့်၏ကောင်းကြီးများနှင့်ပိုင်ဆိုင်မှုများသည် မည်သည့်အရာများ ဖြစ်သနည်း။ အကျဉ်းချုပ် ၍ ဖြေဆိုပါ။** ________

________

________

**ပေက်သြဝါဒစာ ၂း၁–၂၂ ခရစ်တော်၏စီမံကိန်း၌ သင့်၏အသစ်သောနေရာ**

၁။ ၂း၁ - ၁၂ အရ၊ ကယ်တင်ခြင်းမရရှိမီ၊ သင်၏အခြေအနေကို ဖော်ပြပါ။ ________

________

________

၂။ ခရစ်တော်၌ရှိသော ယခုသင်၏အခြေအနေကို ဖော်ပြပါ။(၂း၁ - ၂၁) ________

________

________

________

၃။ မည်သည့်အရာထဲ၌သင်သည် တည်ဆောက်ခြင်း ခံရသနည်း။ (၂း၂၂) ________

<u>ဆင်ခြင်အောက်မေ့ခြင်း</u>**။ ခရစ်တော်၌တစ်ဦးချင်းနှင့် အတူလုပ်ဆောင်ရသော သင့်၏အသစ်သော ရပ်တည်မှုသည် မည်သည့်အရာဖြစ်သနည်း။ အကျဉ်းချုပ်၍ ဖြေဆိုပါ။** ________

________

________

**ပေက်သြဝါဒစာ ၃း၁–၂၁ ဘုရားသခင်၏ထာဝရစီမံကိန်းအတွက် ဆုတောင်းခြင်း**

၁။ ပေါလုအား နက်နဲသောအရာကို မည်သို့သိရှိစေသနည်း။ (၃) ________

၂။ ယခုအချိန်တွင် ထိုနက်နဲသောအရာကို မည်သူတို့အား ဖွင့်ပြနေပါသနည်း။ (၅) ________

၃။ နက်နဲသောအရာဆိုသည်မှာ အဘယ်နည်း။ (၆) ________

________

၄။ ဘုရား၏ကျေးဇူးတော်ကို ပေါလုအား အဘယ်ကြောင့် ပေးသနည်း။ (၈) ________

၅။ အသင်းတော်အားဖြင့်၊ ဘုရားသခင်သိစေလိုသောအရာသည် မည်သည့်အရာဖြစ်သနည်း။ (၁၀)

________

၆။ အငယ်(၁၁)တွင်၊ ဘုရားသခင်၏ထာဝရရည်ရွယ်ချက်ကို မည်သူသည် သတိပြုမိသနည်း။ ________

၇။ ခရစ်တော်၌ ကျွန်ုပ်တို့ရရှိသောအရာသည် မည်သည့်အရာဖြစ်မည်နည်း။ (၁၂) ________

၈။ ကိုယ်တော်၏ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်အညီ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အားခွင့်ပြုပေးသော အရာ သည်မည်သည်အရာဖြစ်သနည်း။ (၁၆) ______________________ ______________________ မည်သည့်နေရာတွင်ပေးသနည်း။

၉။ ပေါလုသည် သင့်အား နားလည်စေရန် အလိုရှိသောအရာသည် မည်သည်အရာဖြစ်သနည်း။ (၁၈ - ၁၉) ______________________

သူသည် သင့်အား မည်သည့်အရာနှင့်ပြည့်စုံစေလိုသနည်း။ ______________________

၁၀။ သင်၏အထဲ၌ ဘုရားသခင် လုပ်ဆောင်နိုင်သောအရာသည် မည်သည့်အရာဖြစ်သနည်း။ (၂၀) ______________ ______________ ထိုအရာကို ကိုယ်တော်သည် မည်သို့လုပ်ဆောင် မည် နည်း။ ______________

အသင်းတော်သည် မည်သူ၏ဘုန်းတော်အတွက် ဖြစ်သနည်း။ (၂၁)

**<u>ဆင်ခြင်အောက်မေ့ခြင်း</u>။ အသင်းတော်တည်းဟူသော ဘုရားသခင်၏ထာဝရစီမံကိန်းအတွက်၊ တမန်တော်ရှင်ပေါလု၏ ဆုတောင်းချက် သည် မည်သည့်အရာဖြစ်သနည်း။ အကျဉ်းချုပ် ၍ ဖြေဆိုပါ။** ______________________

______________________

______________________

**ဖေက်ဩဝါဒစာ ၄–၆ ဘုရားသခင်၏ထာဝရစီမံကိန်းနှင့်ရည်ရွယ်ချက်၌လျှောက်လှမ်းခြင်း။**

**တစ်လုံးတစ်ဝတည်းဖြင့်လျှောက်လှမ်းခြင်း။ (၄း၁–၁၆)**

၁။ မည်သို့ကျင့်ဆောင်လျှောက်လှမ်းရမည်နည်း။ (၁) ______________________

၂။ မည်သည့်အရာများနှင့်အတူ လျှောက်လှမ်းရမည်နည်း။ (၂) ______________________

၃။ မည်သည့်အရာကို သင်သည် ကြိုးစားအားထုတ်သင့်သနည်း။ (၃) ______________________

၄။ အခန်းငယ် ၄ - ၆ အရ၊ ____________ တစ်ပါး၊ ________ တစ်ကိုယ်၊ ________ တဝိညာဉ်၊ ________ တစ်ပါး၊ ____________ တစ်ပါး၊ ________ တစ်ပါးနှင့်၊ ______________ တစ်ဆူတည်းရှိတော်မူ၏။

၅။ အဘယ်ကြောင့် အသင်းတော်အား ဆုကျေးဇူးများကိုပေးခဲ့သနည်း။ (၁၂ - ၁၄) ______________________

______________________

၆။ သင့်ကို မည်သည့်အရာ၌ ကြီးထွားစေသနည်း။ (၁၅) ______________________

၇။ ကိုယ်ခန္ဓာတစ်ခုလုံး (သို့) အသင်းတော်သည် မည်သည့်အရာပေါ်တွင် တည်ဆောက်ရမည်နည်း။ (၁၆)

______________________

**စင်ကြယ်ခြင်းဖြင့် လျှောက်လှမ်းခြင်း (၄း၁၇–၃၂)**

၈။ လူဟောင်း၏သဘာဝကို ရှင်းပြပါ။ (၁၇ - ၂၂) ______________________

______________________

______________________

၉။ ယခု သင်သည် မည်သို့လုပ်ဆောင်မည်နည်း။ (၂၂ - ၂၃) ______________________

______________________

______________________

**ချစ်ခြင်းမေတ္တာ၌ လျှောက်လှမ်းခြင်း (၅း၁–၁၆)**

၁၀။ မည်သူ့ကိုအတုယူသင့်သနည်း။(၁) ________ မည့်သည်တရား၌ကျင်လည်ရမည်နည်း။ (၂) ________

၁၁။ သင့်အတွက် ခရစ်တော်၏မေတ္တာကိုဖေါ်ပြပါ။ (၂) ________

________

၁၂။ အမှောင်လောကထဲတွင်ရှိခြင်းသည် မည်သည့်အရာနှင့်တူပါသနည်း။(၃ - ၈) ________

________

၁၃။ အမှောင်လောကတွင်လျှောက်လှမ်းနေသောသူတို့အပေါ်သို့ မည့်သည့်အရာသက်ရောက်လာမည်နည်း။ (၆)

________

**အလင်း၌လျှောက်လှမ်းခြင်း (၅း၇–၁၄)**

၁၄။ အထက်ကာလတွင်သင်သည်မည်သည့်နေရာတွင်ရှိသနည်း။(၈) ________

ယခုမူကား ________ သို့ဖြစ်လျှင် သင်သည်မည်သို့လျှောက်လှမ်းရမည်နည်း။

________

၁၅။ မှောင်မိုက်အမှုတို့နှင့်ဆက်ဆံမည့်အစား၊ သင့်သည် မည်သို့လုပ်ဆောင်သင့်သနည်း။(၁၁) ________

၁၆။ တစ်စုံတစ်ခုသည် အလင်းသို့ရောက်လာသောအခါ၊ မည်ကဲ့သို့ဖြစ်ပျက်မည်နည်း။ (၁၃) ________

**သတိကြီးစွာလျှောက်လှမ်းပါ။ (၅း၁၅–၁၇)**

၁၇။ သင်သည် မည်သို့လျှောက်လှမ်းခြင်း မပြုသင့်သနည်း။(၁၅) ________

မည်သို့ လျှောက်လှမ်း သင့်သနည်း။ ________

၁၈။ နေ့ရက်ကာလသည်ဆိုးယုတ်သောကြောင့်၊ အချိန်ကိုသင်သည် မည်သို့ကိုင်တွယ် သင့် သနည်း။(၁၆)

________

**စည်းဝါးညီညီလျှောက်လှမ်းခြင်း(၅း၁၈–၆း၉)**

၁၉။ သင်သည် မည်သည့်အရာနှင့်ပြည့်စုံရမည်နည်း။(၁၈) ________

၂၀။ အခြားသောသူတစ်ယောက်ကို သင်သည်မည်သို့ပြုမူသင့်သနည်း။(၂၁) ________

၂၁။ ဇနီးသည်၏ဝတ္တရားသည် မည်သည့်အရာဖြစ်သနည်း။(၂၂) ________

၂၂။ ခင်ပွန်းသည်၏ဝတ္တရားသည် မည်သည့်အရာဖြစ်သနည်း။(၂၅) ________

၂၃။ ခင်ပွန်းသည် ဇနီးအား မည်သို့ချစ်သင့်သနည်း။(၃၃) ________

ဇနီးသည် သူမ၏ခင်ပွန်းအပေါ် မည်သည့်စိတ်နေသဘောထားကို ထားရှိရမည်နည်း။ ________

၂၄။ မိဘတို့အပေါ် သားသမီးများထားသင့်သော တာဝန်နှင့်ဝတ္တရားတို့သည်မည်သည့်အရာများဖြစ်သနည်း။

(၆း၁ - ၄) ________

မိဘများ မလုပ်သင့်သောအရာသည်မည်သည့်အရာဖြစ်သနည်း။ (၄) ________

မိဘများ လုပ်သင့်သောအရာသည်မည်သည့်အရာဖြစ်သနည်း။ (၄) ________

၂၅။ အစေခံ(သို့)အလုပ်သမားတို့၏တာဝန်နှင့်ဝတ္တရားကား၊ မည်သည့်အရာဖြစ်သနည်း။(၅) ________

၂၆။ သခင်(သို့)အလုပ်ရှင်တို့၏တာဝန်နှင့်ဝတ္တရားကား၊ မည်သည့်အရာဖြစ်သနည်း။(၉) ________

**အောင်မြင်ခြင်းဖြင့်လျှောက်လှမ်းခြင်း(ဖ်း၁၀–၂၄)**

၂၇။ သင်သည် မည်သူထံတွင်နိုင်ခံရမည်နည်း။(၁၀) ________________

မည်သူ၏ခွန်အားဖြစ်မည်နည်း။ ________________

၂၈။ ဘုရားသခင်၏ လက်နက်စုံကို ဝတ်ဆင်သင့်သည်မှာ အဘယ်ကြောင့်နည်း။(၁၁) ________________

________________

၂၉။အသွေးအသားရှိသော ရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ခြင်းမရှိပါက၊ သင်သည်မည်သူနှင့် ဆိုင်ပြိုင်တိုက်လှန်ခြင်းခံရပါသနည်း။ (၁၂) ________________

________________

၃၀။ လက်နက်စုံ(၆)မျိုးကိုရေးသားပါ။(၁၃ - ၁၈) ________________

________________

________________

________________

၃၁။ အချိန်တိုင်းတွင် ဝိညာဉ်တော်၌ သင်သည် မည်သည့်အရာကိုလုပ်ဆောင်သင့်သနည်း။(၁၈) ________________

**ဆင်ခြင်အောက်မေ့ခြင်း။ အသင်းတော်တည်းဟူသော ဘုရားသခင်၏ထာဝရစီမံကိန်း၌ တမန်တော်ရှင်ပေါလုသည် ယုံကြည်သူများ လျှောက်လှမ်းဘို့ရန် ပေးခဲ့သောသွန်သင်ချက်များသည် မည်သည့်အရာများဖြစ်သနည်း။ အကျဉ်းချုပ်၍ ဖြေဆိုပါ။** ________________

________________

**ဆွေးနွေးခြင်း။**ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံကိန်းတွင် ဖက်ယုံကြည်သူတို့အား စည်းလုံးမှုနှင့် တစ်လုံးတစ်ဝတည်းရှိရန်၊ ဩဝါဒ စာစောင်များတွင် မည်ကဲ့သို့တိုက်တွန်းထားပါသနည်း။ ________________

________________

________________

သင့်အသက်တာ၊ မိသားစုနှင့်အသင်းတော်တွင် ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံကိန်းတွင်ပို၍ကောင်းမွန်စွာ တည်ဆောက် နိုင်ရန် မည်သည့် ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်ပါသနည်း။ ________________

________________

________________

**လက်တွေ့လုပ်ဆောင်ခြင်း။** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကို မည်ကဲ့သို့လုပ်ဆောင်မည်နည်း၊မည်သည့်အချိန်တွင်လုပ်ဆောင် မည်နည်း။ ________________

________________

________________

________________

**ပေါလု၏အလယ်ပိုင်းစာစောင်ထဲမှသုံးစောင်(ဖိလိပ္ပိ၊ ကောလောသဲနှင့်ဖိလေမုန်)ရှိပါသည်။ ထိုစာစောင်တို့သည် လေ့လာ ဘို့ရန် ရွေးယူခွင့် ရှိသောစာစောင်များဖြစ်သည်။ ယင်းတို့ကိုနက်နဲစွာတူးဖေါ်ရန်အားပေးလိုပါသည်။ x [illegible]mapmi f smu [illegible]*အသင်းတော် အတွက် ဘုရားသခင်၏စီမံကိန်း* သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၁၀ - ၁၁၅ တွင်တွေ့နိုင်ပါသည်။**

## ၆။ တပည့်တော်များ ဘုရားသခင်၏အိမ်တော်၌ တည်ဆောက်ခြင်း

### သင်ခန်းစာ – ၁၀




<u>**တိမောသေဩဝါဒစာပထမစာစောင်**</u>သည် ပေါလု၏နှောင်းပိုင်းစာစောင်များထဲမှ ပထမဆုံးရေးသော စာစောင်ဖြစ်သည်။ ဘုရားသခင်၏ အိမ်တော်ကိုစနစ်တကျဖြင့်တည်ဆောက်ကြရန် အသင်းတော်များကို ရေးသားခဲ့ခြင်းဖြစ်သည်။ ပေါလုထွက်ခွါပြီး နောက် သူ၏ လုပ်ဆောင်ချက်များဆက်လက်ဆောင်ရွက်ရန်လိုအပ်သောပုံစံများကို သူ၏ ဝိညာဉ်သားဖြစ်သော တိမောသေ ထံသို့ လက်ဆင့်ကမ်းပေးခဲ့ခြင်းဖြစ်သည်။ ယင်းပုံစံများမှာ မှန်ကန်သော သွန်သင်ခြင်း၊ ရောင်ရဲတင်းတိမ်ခြင်းနှင့် အတူ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့် အရည်အချင်းမှီသော ဝိညာဉ်သင်းအုပ်များကို ခန့်ထားခြင်း စသည့်တို့ဖြစ်သည်။ **မှတ်ချက်၊ တိမောသေဩဝါဒစာ သင်ခန်းစာကို *အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်း*၊ သင်တန်းလက်စွဲ သင်ခန်း ၂၂၊ စာမျက်နှာ ၁၁၆ တွင် တွေ့နိုင်ပါသည်။**

<u>**စူးစမ်းလေ့လာခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း**</u> ပေးထားသောမေးခွန်းများနှင့်ကျမ်းပိုဒ်တို့ကိုဖတ်ပါ။ ကွက်လပ်များတွင် အဖြေများကိုရေးပါ။ အခန်းတစ်ခုစီ၏အဓိပ္ပါယ်များကိုအကျဉ်းချုပ်၍ဆင်ခြင်အောက်မေ့ပါ။ သင့်၏လေ့လာခြင်း အဆုံးတွင် အခြားသူများနှင့်ဆွေးနွေးပြီး၊ လေ့လာသင်ယူခဲ့ရသောအရာအားလုံးကို သင့်ကိုယ်ပိုင်အသက်တာအတွက် လက်တွေ့အသုံးပြုပါ။

**<u>တိမောသေဩဝါဒစာပထမစာစောင် ၁း၁ – ၂၀</u> မှန်ကန်သောခံယူချက်နှင့် ဘုရား၏အိမ်တော်၌ ကောင်းစွာပိုင်းခြားတတ်သောစိတ်**

၁။ ပေါလုတောင်းဆိုချက်၏အဓိကရည်ရွယ်ချက်သည် မည်သည့်အရာဖြစ်သနည်း။(၅) ____________________

ချစ်ခြင်းမေတ္တာ သည် မည်သည့်နေရာမှဆင်းသက်လာသနည်း။ ____________________

၂။ ပညတ်တရားကို မည်သူတို့အတွက်ချမှတ်ထားသနည်း။(၉ – ၁၁) ____________________

________________________________________

________________________________________

၃။ ပေါလု မည်သည့်အရာရရှိသနည်း။(၁၃)____________________

ပေါလုအတွက် မည်သည့်အရာစီးဆင်းသနည်း။(၁၄) ____________________

၄။ သူ၏ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာသည် မည်သူ့ထံမှရောက်ရှိလာသနည်း။(၁၄)____________________

၅။ ပေါလုသည် သနားခြင်းဂရုဏာကို အဘယ်ကြောင့်ရရှိခဲ့သနည်း။(၁၆) ______________________________

______________________________

၆။ ပေါလုသည်တိမောသေအားတောင်းဆိုသောအရာသည်မည်သည့်အရာဖြစ်သနည်း။(၁၈ - ၁၉) __________

______________________________

<u>ဆင်ခြင်အောက်မေ့ခြင်း။</u> ဘုရားသခင်၏အိမ်တော်တွင်စနစ်တကျကောင်းကောင်းမွန်မွန်ရှိခြင်းအတွက် ခံယူချက်နှင့် ကောင်းမွန်စွာ ပိုင်းခြားတတ်သောစိတ်ထားသည် အဘယ်ကြောင့်အရေးကြီးသနည်း။အကျဉ်းချုပ်၍ဖြေဆိုပါ။

______________________________

______________________________

**<u>တိမောသေသြဝါဒစာပထမစာစောင် ၂း၁–၁၅</u> ဘုရားသခင်၏အိမ်တော်၌ ဆုတောင်းခြင်းနှင့် ယောကျ်ား၊ မိန်းမတို့၏ ပြုမူနေထိုင်ခြင်း**

၁။ ပေါလုသည် သင့်အားမည်သူအတွက်ဆုတောင်းစေလိုသနည်း။(၁ - ၂) ______________________________

အဘယ်ကြောင့်နည်း။(၂ - ၄) ______________________________

______________________________

၂။ ဘုရားသခင်နှင့်လူသားတို့အကြား၊ ကြားဝင်ဖျန်ဖြေသူ "တစ်ဦး" သည် မည်သူဖြစ်သနည်း။(၅) __________

၃။ပေါလု၏စိတ်ဆန္ဒသည်မည်သည့်အရာဖြစ်သနည်း။(၈ - ၁၁) ______________________________

နှင့် ______________________________

<u>ဆင်ခြင်အောက်မေ့ခြင်း။</u> ဘုရားသခင်၏အိမ်တော်တွင် ကောင်းမွန်စွာနေရာတကျရှိရန် အသင်းတော်ရှိ ယောကျ်ားနှင့် မိန်းမတို့၏ပြုမူနေထိုင်ခြင်း၊ ဆုတောင်းခြင်းတို့နှင့်ပတ်သက်၍ ပေါလုပေးသောသွန်သင်ချက်များသည် မည်သည့်အရာများ ဖြစ်သနည်း။ အကျဉ်းချုပ်၍ ဖြေဆိုပါ။ ______________________________

______________________________

______________________________

**<u>တိမောသေသြဝါဒစာပထမစာစောင် ၃း၁–၁၆</u> ဘုရားသခင်၏အိမ်တော်၌အရေးပါသောခေါင်းဆောင်မှု**

၁။ အကယ်၍သင်သည်သင်းအုပ်အရာကိုရည်ရွယ်ပါက၊ သင်တော်တသောအရာသည် မည်သည့်အရာ ဖြစ်သနည်း။ (၁) ______________________________

၂။ သင်းအုပ်တစ်ယောက်အတွက် အရည်အချင်းသည်မည်သည့်အရာများဖြစ်သနည်း။(၂ - ၇) __________

______________________________

______________________________

______________________________

______________________________

၃။ သင်းထောက်တစ်ယောက်အတွက် အရည်အချင်းသည် မည်သည့်အရာများဖြစ်သနည်း။(၈ - ၁၃)

______________________________

______________________________

______________________________

၄။ အဘယ်ကြောင့်ထိုအရာများနှင့်ပတ်သက်၍ပေါလုရေးသားခဲ့သနည်း။(၁၄ - ၁၅) __________

<u>ဆင်ခြင်အောက်မေ့ခြင်း</u>။ **ဘုရားသခင်၏အိမ်တော် (သို့) အသင်းတော်၌ စနစ်တကျကောင်းမွန်စွာရှိနေရန်အတွက် ခေါင်းဆောင်မှုသည် အဘယ်ကြောင့် အရေးကြီးသနည်း။ အကျဉ်းချုပ်၍ဖြေဆိုပါ။** __________

**<u>တိမောသေသြဝါဒစာပထမစာစောင် ၄း၁–၁၆</u> ဘုရားသခင်၏အိမ်တော်၌ဘုရားဝတ်၌မွေ့လျော်သောသူဖြစ်ရန် လေ့ကျင့်ပေးခြင်း**

၁။ နောင်ကာလ၌ မည်သည့်အရာများဖြစ်ပျက်လာမည်ကို ဝိညာဉ်တော်ကဖော်ပြပါသနည်း။(၁ - ၃) __________

၂။ ဘုရားသခင်ထံမှကောင်းသောအရာအားလုံးကို မည်ကဲ့သို့ရရှိမည်နည်း။ (၄) __________

၃။ ဘုရားဝတ်၌ မွေ့လျော်သောသူဖြစ်အောင် အဘယ်ကြောင့် သင့်ကိုယ်သင် သွန်သင်ရမည်နည်း။(၇ - ၈)

အဘယ်ကြောင့် သင်သည် ပင်ပန်းခြင်းနှင့်ကြိုးစားအားထုတ်ခြင်းတို့ဖြင့် ဆက်လက်လုပ်ဆောင်ရမည်နည်း။ (၁၀) __________

၅။ အခြားသောယုံကြည်သူများအတွက် ပုံသက်သေတစ်ခုအဖြစ် မည်ကဲ့သို့ အသက်ရှင်မည်နည်း။(၁၂ - ၁၆)

၆။ သင်အမြဲသတိပြုသင့်သောအရာသည် မည်သည့်အရေးဖြစ်သနည်း။(၁၆) __________

<u>ဆင်ခြင်အောက်မေ့ခြင်း</u>။ **ဘုရားသခင်၏အိမ်တော်(သို့)အသင်းတော်တွင်၊ ကောင်းမွန်စွာ နေရာတကျရှိရန် ဘုရားဝတ်၌ မွေ့လျော်သော အသက်တာသည် မည်ကဲ့သို့သော အသက်တာမျိုးဖြစ်သနည်း။ ထိုကဲ့သို့မွေ့လျော်ဘို့ရန်၊ မည်ကဲ့သို့ သွန်သင်မည်နည်း။** __________

**<u>တိမောသေသြဝါဒစာပထမစာစောင် ၅း၁–၂၅</u> ဘုရားသခင်၏အိမ်တော်၌ယောကျ်ားများ၊အမျိုးသမီးများ၊ မုဆိုးမများနှင့် သင်းထောက်များတို့၏အခန်းကဏ္ဍ။**

၁။ (၁ - ၃) အသက်ကြီးသောသူတို့ကို __________။ အဘကဲ့သို့တောင်းပန်လော့။
လူပျိုတို့ကို__________၊ အသက်ကြီးသောမိန်းမတို့ကို__________၊
မိန်းမပျိုတို့ကို __________ နှင့်တကွနှမကဲ့သို့ငှင်းမှတ်၍ကျင့်လော့။
မုဆိုးမအမှန်ဖြစ်သော မိန်းမတို့ကို __________။

၂။ သင်းအုပ်၌ အပြစ်တင်ခွင့်ကို သင်သည်မည်သို့ဆောင်ရွက်ရမည်နည်း။(၁၉) __________

၃။ သင်၏အပြစ်ကိုဖုံးအုပ်နိုင်ပါသလား။(၂၄)__________ မကြာမီ(သို့)နောင်အခါတွင်မည်သည့်အရာဖြစ်ပျက်လာမည်နည်း။ __________

၄။ သင်၏ကောင်းသောအလုပ်ကို ဝှက်၍ထားနိုင်ပါသလား။(၂၅) __________

**<u>ဆင်ခြင်အောက်မေ့ခြင်း</u>။ ဘုရားသခင်၏အိမ်တော်၌ယောကျာ်းများ၊အမျိုးသမီးများ၊ မုဆိုးမများနှင့် သင်းအုပ်များတို့ကိုကောင်းမွန်စွာ စနစ်တကျရှိဘို့ရန် တမန်တော်ပေါလုသည် မည်ကဲ့သို့သွန်သင်ထားပါသနည်း။ အကျဉ်းချုပ်၍ဖြေဆိုပါ။**

**အမျိုးသားကြီးများ** __________

**အမျိုးသမီးကြီးများ** __________

**မုဆိုးမများ** __________

__________

**သင်းအုပ်များ** __________

**<u>တိမောသေသြဝါဒစာပထမစာစောင် ၆း၁–၂၁</u> ဘုရားသခင်၏အိမ်တော်၌ကောင်းမွန်စွာစနစ်တကျရှိခြင်းကိုအားပေးတိုက်တွန်းခြင်း။**

၁။သင့်၏သွန်သင်ချက်သည်(၃) __________

ကို၄င်း၊ __________တူညီနေရမည်။

၂။ (၆) __________ပါလျှင်၊ __________သည် ကြီးစွာသောအကျိုးစီးပွါးမှန်၏။

၃။ အဘယ်ကြောင့် ရောင့်ရဲတင်းတိမ်ရသနည်း။(၇) __________

__________

၄။ မည်သည့်အရာများနှင့်ရောင့်ရဲတင်းတိမ်ရမည်နည်း။(၈) __________

၅။ ချမ်းသာလိုသောသူတို့တွင် မည်သည့်အရာများဖြစ်ပျက်လာသနည်း။(၉)__________

__________

၆။ ငွေကိုတပ်မက်ခြင်းသည် မည်သည့်အရာ၏အမြစ်ဖြစ်သနည်း။(၁၀) __________ ငွေကိုတပ်မက်ခြင်းသည် မည်သည့်အရာတို့ကို လုပ်ဆောင်စေသနည်း။ __________

__________

၇။ ဘုရားသခင်၏လူသည် မည်သည့်အရာမှရှောင်ကြဉ်ရမည်နည်း။(၁၁) __________

ဘုရားသခင်၏လူသည် မည်သည့်အရာကိုမှီအောင်လိုက်ရမည်နည်း။(၁၁) __________

__________

၈။ သူသည်မည်သည့်အရာနှင့်တိုက်လှန်ရမည်နည်း။(၁၂) __________

မည်သည့်အရာကိုသင်သည် ကိုင်စွဲထားရမည်နည်း။ __________

၉။ သခင်ယေရှုခရစ်၏ ထင်ရှားပေါ်ထွန်းခြင်းရောက်သောအခါ၊ ကိုယ်တော်ကိုမည်သို့ခေါ်ဆိုကြမည်နည်း။(၁၅)

__________

၁၀။ ယေရှုတွင်မည်သည့်အရာရှိသနည်း။(၁၆) __________ မည်သည့်နေရာ၌ကျိန်းဝပ်သနည်း။ __________ "ထိုဘုရားသခင်သည် __________ "

၁၁။ ပေါလုသည် ချမ်းသာသောသူတို့အတွက်မည်သို့တောင်းဆိုသတ်မှတ်ထားသနည်း။(၁၇-၁၉)__________

__________

__________

__________

**<u>ဆင်ခြင်အောက်မေ့ခြင်း</u>။ ဘုရားသခင်၏အိမ်တော်၌ကောင်းမွန်စွာစနစ်တကျရှိခြင်းအတွက် ပေါလု၏နောက်ဆုံးအားပေးတိုက် တွန်းခြင်း အချို့သည် မည်သည်အရာများဖြစ်သနည်း။ အကျဉ်းချုပ်၍ဖြေဆိုပါ။**

**<u>ဆွေးနွေးခြင်း</u>။** အသက်ရှင်သောဘုရားသခင်၏အိမ်တော်ဟူသော အသင်းတော်တွင်မည်ကဲ့သို့ကျင့်ကြံပြုမူရမည်ကို သင်သိနိုင်မည့် အကြောင်း၊ တိမောသေပထမစာစောင်ကို ရှင်ပေါလုရေးသားခဲ့ပါသည်။ သင့်အသက်တာ၊ မိသားစု၊ အသင်းတော်တွင် မည်သို့အသက်ရှင်ရမည်ဖြစ်ကြောင်း၊ သင်ပြောပြနိုင်သော အဓိကကျသောအချို့သော နည်းဥပဒေသများသည် မည်သည်အရာများဖြစ်မည်နည်း။

ဘုရားသခင်၏အိမ်တော်တွင်ကောင်းကောင်းမွန်မွန်စနစ်တကျ နေထိုင်နိုင်ရန် သင့်အသက်တာ၊ မိသားစုနှင့် အသင်းတော်တွင် ပြောင်းလဲရန်မည်သည့်အရာများလိုအပ်ပါသနည်း။

**<u>လက်တွေ့လုပ်ဆောင်ခြင်း</u>။** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊မည်သည့်အချိန်တွင်လုပ်ဆောင် မည်နည်း။

**ပေါလု၏နှောင်းပိုင်းကာလစာစောင်တွင်စာစောင်နှစ်စောင် (တိတုနှင့်တိမောသေဒုတိယစာစောင်) ကျန်ရှိနေပါသည်။ ထိုစာစောင်တို့သည် လေ့လာဘို့ရန် ရွေးယူခွင့်ရှိသော စာစောင်များဖြစ်သည်။ ထိုစာစောင်များကို *အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်း* သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၁၈ – ၁၂၁ တွင်တွေ့နိုင်ပါသည်။**

# ၇။ တပည့်တော်များ ခရစ်တော်၏အထဲ၌(သို့)ခရစ်တော်နှင့်အတူ လျှောက်လှမ်းခြင်း

## သင်ခန်းစာ – ၁၁
## ခရစ်တော်၌ရှိသော သင့်အသက်တာ







ခရစ်တော်၌ရှိသောစည်းစိမ်ကိုအမွေခံရမည့်ယောကျ်ား၊မိန်းမဖြစ်ကြောင်းသိရှိခြင်းထက် ခရစ်ယာန်အသက်တာအတွက်၊ အရေးပါသော၊ အခြေခံကျသော အရာများမရှိပါ။ ထိုခရစ်တော်၌ ကြွယ်ဝခြင်းသည် ကြီးထွားလာခြင်းမဟုတ်ဘဲ၊ ကယ်တင်ခြင်းရရှိခံစားပြီး ချက်ခြင်း၊ ပြည့်ဝစွာ၊ပြည့်စုံစွာခံစားရရှိခြင်း ဖြစ်သည်။ ဘုရား၏ ဖေါ်ပြခြင်းအားဖြင့်သာသိရှိပြီး၊ လူတို့၏ ကြိုးစားအားထုတ်ခြင်း (အကျင့်)ကြောင့်မဟုတ်ဘဲ၊ ဘုရားသားတော်၏ ကျေးဇူးတော်အပေါ်တွင် ရပ်တည်နေခြင်း ကြောင့် ဖြစ်သည်။ ယင်းတို့ကို ဘုရား၏ဖွင့်ပြခြင်း အားဖြင့်သာ၊ သိရှိနိုင်ပြီး၊ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ အားနည်းခြင်းနှင့်ဒုက္ခပြဿနာများ ကြုံတွေ့သောအခါ၊ ခံစားသိရှိရပါသည်။

<u>**စူးစမ်းလေ့လာခြင်းနှင့် ဆင်ခြင်အောက်မေ့ခြင်း။**</u> အောက်ပါမေးခွန်းများကိုဖတ်၍ကွက်လပ်များတွင် အဖြေကို ရေးသားပါ။

၁။ ဧ၊ ၃း၈ တွင်၊ ခရစ်တော်၌ သင့်၏ကြွယ်ဝခြင်းကို ပေါလုသည် မည်သို့ဖေါ်ပြသနည်း။ ____________________

၂။ ၂ကော၊ ၆း၁၀ တွင်၊ ဝမ်းနည်းသောသူကဲ့ သို့ဖြစ်သော်လည်း၊ ____________________၊ ဆင်းရဲသောသူကဲ့သို့ ဖြစ်သော်လည်း၊ ____________________၊ ဥစ္စာတစုံတခုကိုမျှ မပိုင်သောသူကဲ့သို့ ဖြစ်သော်လည်း၊ ____________________ ဖြစ်သဖြင့်၄င်း၊

၃။ ကော၊ ၁း၂၇ တွင်၊ ထိုစည်းစိမ်နှင့် ဘုန်းအသရေကို မျှော်လင့်ခြင်းသည် မည်သည်အရာဖြစ်သနည်း။ “သင်တို့အထဲ၌ တည်တော်မူသော ____________________ ပေတည်း။”

၄။ ကော၊ ၂း၂ တွင်၊ ပေါလုသည် လောဒိကိအသင်းတော်အတွင်းဖြစ်စေလိုသောအရာတို့သည် မည်သည့်အရာများဖြစ်သနည်း။ ____________________

____________________

၅။ ကော၊ ၂း၃ တွင်၊ ခရစ်တော်၌ ဝှက်ထားသောအရာတို့သည် မည်သည့်အရာဖြစ်သနည်း။ ____________________

____________________

၆။ ဂ၊ ၂း၁၆ တွင်၊ ခရစ်တော်၌တပည့်တော်တစ်ဦးသည် မည်သို့ဖြောင့်မတ်နိုင်မည်နည်း။ ________

တစ်စုံတစ်ယောက်သည် ပညတ်တော်အားဖြင့်ဖြောင့်မတ်ခြင်းသို့ရောက်နိုင်ပါသလား။ ________

ခရစ်တော်၌ဖြောင့်မတ်ခြင်းသည် သင့်အတွက်မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ________

၇။ ဂ၊ ၂း၁၉ - ၂၀ အရ၊ မည့်သည့်အရာ၌သေနေသနည်း။ ________ အဘယ်ကြောင့် ပညတ်တရား၌ သေရသနည်း။ ________ ယခုသင့်အထဲတွင် မည်သူအသက်ရှင်နေသနည်း။ ________

၈။ ဂ၊ ၃း၁၄ အရ၊ ခရစ်တော်၌ သင်သည်မည့်သည့်ကောင်းကြီးကိုရရှိသနည်း။ ________

၉။ ဂ၊ ၃း၂၆ အရ၊ သင်တို့အပေါင်းသည် ________ ကိုယုံကြည်သဖြင့် ________ ဖြစ်ကြ၏။

၁၀။ ၁ကော ၊ ၁း၂တွင်၊ ယေရှုခရစ်အားဖြင့် ________ အသင်းတော်

၁၁။ ၁ကော၊ ၁း၃၀ တွင်၊ ကျွန်ုပ်တို့သည် ယေရှုခရစ်၌တည်နေသောကြောင့်၊ ထိုသခင်မှုကား၊ ________

________

၁၂။ ၁ကော၊ ၁၅း၂၂ အရ၊ သင်သည်အာဒံအားဖြင့်သေခြင်းသို့ရောက်၏၊ ခရစ်တော်အားဖြင့် ________ သို့ရောက်၏။

၁၃။ ၂ကော၊ ၂း၁၄ အရ၊ ခရစ်တော်၌ရှိသောသူတို့ကို ဘုရားသခင်သည် အမြဲမည်သို့ပြုတော်မူသနည်း။ ________

________

________

၁၄။ ရော၊ ၃း၂၄ အရ၊ ယေရှုခရစ်၌ ________ အားဖြင့်၊ အဘိုးကိုမပေးဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ရွေးနှုတ်တော်မူခြင်းသည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ (ဧ၊ ၁း၇)

________

၁၅။ ရော၊ ၅း၁၇ အရ၊ အာဒံအားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ________ ၏ ကြွယ်ဝခြင်းကိုင်၄်း၊ ဖြောင့်မတ်ရာသို့သွင်းပေးတော်မူခြင်းကိုင်၄်း၊ ခံရသောသူတို့သည် တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ် အားဖြင့် ________ သာ၍စိုးစံရကြလတံ့။

၁၆။ ရော၊ ၆း၃ အရ၊ ယေရှုခရစ်၌ရှိသောသူတို့သည် မည်သည့် အထဲ၌ဗတ္တိဇံကိုခံကြသနည်း။ ________

၁၇။ ရော၊ ၆း၄ တွင်၊ ထိုကြောင့်တပည့်တော်တို့သည် အသေခံတော်မူခြင်း၌ဗတ္တိဇံကိုခံသောအားဖြင့်၊ ခရစ်တော်နှင့် အတူ ________ ကိုခံကြ၏။ အဘယ်ကြောင့်နည်း။ ________

________

________

၁၈။ ရော၊ ၆း၅ အရ၊ ခရစ်တော်နှင့်အတူ တပည့်တော်တို့သည် စိုက်ပျိုးသည်မှန်လျှင် ________

၁၉။ ရော၊ ၆း၁၁ အရ၊ တပည့်တော်တို့သည် အပြစ်တရား၌ အသေဖြစ်သည်ဟူ၍၄င်း၊ ________ နှင့်ဆိုင်သောအရာ၌ကား၊ သခင်ယေရှုခရစ်အားဖြင့်အသက်ရှင်သည်ဟူ၍၄င်း၊

၂၀။ ရော၊ ၆း၂၃ အရ၊ ခရစ်တော်၌ရှိသောတပည့်တော်တစ်ဦးတွင် မည်သည့်အသက်ရရှိသနည်း။ ________

၂၁။ ရော၊ ၈း၁ အရ၊ ခရစ်တော်၌တည်သောတပည့်တော်တို့သည် ________ နှင့်လွတ်ကြ၏။

၂၂။ ရောမ ၈း၃၇ - ၃၉ အရ၊ ခရစ်တော်၌ရှိသောတပည့်တော်တို့သည် အထူးသဖြင့် ________ ကြ၏။ ဘုရားသခင်၏မေတ္တာတော်နှင့် ငါတို့ကို ________ စေနိုင်။

၂၃။ရောမ ၁၆း၁၀ အရ၊ အပေလေသည် မည်သူ၏ထောက်ခံမှုကို ရရှိခဲ့သနည်း။ ________

၂၄။ ဖေက်ယုံကြည်သူများအတွက် ပေါလုရေးသားသောစာစောင်တွင်၊ ယေရှုခရစ်၌ရှိသောသင်၏ကြွယ်ဝမှုများကို ပြုစုထားပါသည်။ အောက်ပါကျမ်းချက်များတွင်ရှိသောကြွယ်ဝမှုများကို သင်သည် ကောက်နုတ်ဖော်ပြရန်ဖြစ်သည်။ ၁း၃ ______။ ၁း၄ ______။ ၁း၅______ နှင့် ______။ ၁း၇ ______ နှင့် ______။
၁း၁၁ ______။ ၁း၁၃ ______ ၁း၁၉ ______။
၂း၅______။ ၂း၆______နှင့် ______။
၂း၇ ______။ ၂း၁၀ ______။ ၂း၁၃။ ______
၂း၁၄ ______။ ၂း၁၆______။ ၂း၁၈ ______။
၂း၁၉______နှင့် ______။ ______။
၂း၂၂ ______။ ______။ ၃း၆ ။ ______
၃း၁၉ ______။ ၅း၂ ______ ။

၂၅။ ကော၊ ၂း၉ – ၁၀ တွင်၊ သင့်အထဲတွင် ခရစ်တော် အသက်ရှင်နေခြင်းသည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။

______

၂၆။ ၂ သက်၊ ၂း၁၆ တွင်၊ သခင်ယေရှုခရစ်တော်နှင့် ကျွန်ုပ်တို့၏အဘ ခမည်းတော်ဘုရားသခင်ထံမှ ကျွန်ုပ်တို့အား မည်သည့်အရာကို ပေးသနည်း။ ______ နှင့် ______

**<u>ဆွေးနွေးချက်</u>။** အခြားသောတပည့်တော်များနှင့်အတူသင်ယူခဲ့သောအရာအားလုံးတို့၏ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်၍၊သူတို့ထံမှ ရရှိသော အခြားသောမည်သည့်နိယာမများကိုမဆိုရေးသားပါ။ ______

______

______

______

ခရစ်တော်၌ရှိသော သင်အသက်တာနှင့်ပတ်သက်၍အသက်တာတွင် ပြောင်းလဲရန် လိုအပ်သောအရာများက မည်သည့် အရာများ ဖြစ်သနည်း။ ______

______

______

______

**<u>လက်တွေ့လုပ်ဆောင်ခြင်း</u>။** သင့်အသက်တာတွင် ထိုပြောင်းလဲမှုများကိုမည်ကဲ့သို့လုပ်ဆောင်မည်နည်း၊ မည်သည့် အချိန်တွင်လုပ်ဆောင်မည်နည်း။ ______

______

______

______

______

# သင်ခန်းစာ – ၁၂

## c&pf;w ကြနှင့်အတူလျှောက်လှမ်းသော သင့်အသက်တာ



ယုံကြည်သူတစ်ဦးတွင် အမှန်မြတ်ဆုံးသောအရာတစ်ခုမှာ အသက်ရှင်သောဘုရားသခင်၏ မျက်မှောက်တော်တွင် တစ်ဦးချင်း လျှောက်လှမ်းရသောအသက်တာဖြစ်သည်။ ဘုရား၏မျက်မှောက်တော်တွင် နေ့စဉ်အချိန်ယူခြင်းသည် ခရစ်တော်နှင့်အတူ လျှောက်လှမ်းခြင်းနှင့် ဝိညာဉ်အသက်တာအတွက် မရှိမဖြစ်အရေးတကြီး လိုအပ်သောအရာဖြစ်သည်။ သခင်နှင့်အတူတစ်ဦးချင်း အချိန်ယူသောအခါ၊ သင်သည် အရေးကြီးဆုံးသောအရာနှင့် ဆက်သွယ်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို အသက်တာတွင် အရေးကြီးဆုံးသောအရာသည် ကျွန်ုပ်တို့အားလုံး လုပ်ဆောင်နိုင်သောအရာတစ်ခုဖြစ်ပြီး၊ ထိုအရာသည် နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့် အတူ အချိန်ယူခြင်းဖြစ်သည်။

**<u>စူးစမ်းလေ့လာခြင်းနှင့် ဆင်ခြင်အောက်မေ့ခြင်း။</u>** အောက်ပါမေးခွန်းများကိုဖတ်၍ကွက်လပ်များတွင် အဖြေကိုရေးသားပါ။

၁။ ကမ္ဘာ၊ ၃း၈ – ၉ အရ၊ ဘုရားကိုနာခံမှုမရှိသည့်နောက်တွင်၊ အာဒံနှင့်ဧဝတို့သည်မည်သည့်အရာ လုပ်ဆောင်သနည်း။ ______________ ဘုရားသခင်သည် မည်သည့်အရာကိုလုပ်ဆောင်သနည်း။ ______________ ဘုရားသခင်သည် အရာအားလုံးကို သိရှိသူ ဖြစ်လျက်နှင့်၊ "သင်တို့ အဘယ်မှာရှိသနည်း" ဟု၊ အဘယ်ကြောင့် မေးမြန်းခဲ့သနည်း။ ______________

၂။ ဟေ၊ ၁၁း၅ အရ၊ ဧနောက်သည် ဘုရားစိတ်တော်နှင့်တွေ့သောသူဖြစ်သည်။ က၊ ၅း၂၄ အရ၊ ဧနောက် သည် ဘုရားစိတ်တော်နှင့်တွေ့သောသူဖြစ်ကြောင်းကို သင်သည် မည်သို့ထင်မြင်ပါသနည်း။ ______________

၃။ ၂ကော၊ ၅း၇ အရ၊ ______________၊ ______________ရှိသည်အတိုင်း၊ ငါတို့သည်ကျင့်ဆောင်ပြုမူသည်ဖြစ်၍

၄။ ဂ၊ ၅း၁၆ အရ၊ ငါတို့သည် မည်သို့လျှောက်လှမ်းရမည်နည်း။ ______________

၅။ ကော၊ ၂း၆ – ၇ တွင်၊ ကျွန်ုပ်တို့သည် မည်သူ၏အထဲ၌ လျှောက်လှမ်းရမည်နည်း။ ______________

၆။ ရော၊ ၆း၄ အရ၊ မည်သည့်အသက်တာမျိုးထဲသို့ ကျွန်ုပ်တို့ လျှောက်လှမ်းရမည်နည်း။ ______________

၇။ ဧ၊ ၅း၂ တွင်၊ မည်သည့်တရားထဲသို့ လျှောက်လှမ်းသင့်သနည်း။ ______________

၈။ ကျွန်ုပ်တို့အားလုံးကဲ့သို့၊ ယာကုပ်၏အသက်တာတွင် အောင်မြင်ခြင်းနှင့်ဆုံးရှုံးခြင်းရှိပါသည်။ သို့သော်လည်း၊ က၊၄၈း၁၅ တွင် သူ၏အတိတ်ကိုကြည့်၍ပြောဆိုနိုင်သော အရာတစ်ခုမှာ "ငါ့ကိုတစ်သက်လုံးယနေ့တိုင်အောင် ______________ ဘုရားသခင်" ဟူ၍ဖြစ်သည်။

၉။ ယောရှု၊ ၁း၈ တွင်၊ ဘုရား၏နှုတ်ကပတ်တော်ကို အကြိမ်မည်မျှဆင်ခြင်အောက်မေ့ရမည်နည်း။ ______ နှင့် ______ အဘယ်ကြောင့်နည်း။ ______________

၁၀။ ၅ ရာ၊ ၂၃း၃၀ တွင်၊ နံနက်နှင့်ညဉ့်ဦးတိုင်းတွင် သင်သည် မည်သည့်အရာကိုပြုလုပ်သင့်သနည်း။ ______________ ______________၍ ထာဝရဘုရား၏ဂုဏ်တော်ကိုလည်း ______________ ရကြမည်။

၁၁။ ဆာ၊ ၅း၃ အရ၊ ဘုရားသခင်သည် ဒါဝိတ်၏အသံကို မည်သည့်အချိန်၌ကြားရသနည်း။ ______________

၁၂။ ဆာ၊ ၁၆း၁၁ အရ၊ ဒါဝိတ်သည် ဘုရား၏မျက်မှောက်တော်တွင် မည်သည့်အရာကိုခံစားရသနည်း။ ________
၁၃။ ယေ၊ ၁၅း၁၆ အရ၊ ဘုရား၏နှုတ်ကပတ်တော်ကို တွေ့သောအခါ သူသည် မည်သည့်အရာကို လုပ်ဆောင်သနည်း။ ________________ "အကျွန်ုပ်ခံယူပါပြီ (စားသုံးပါပြီ)" ဟူသောစကားကို သင်သည် မည်သို့ ထင်မြင်မိသနည်း။ ________________
၁၄။ မ၊ ၄း၄ အရ၊ တပည့်တော်တစ်ဦး မုန့်အားဖြင့်သာ အသက်ရှင်နိုင်ပါသလား။ ________________
၁၅။ မ၊ ၆း၆ အရ၊ တပည့်တော်တစ်ဦးသည် မည်သည့်နေရာတွင် ဆုတောင်းသင့်သနည်း။ ________________
၁၆။ မ၊ ၆း၁၁ အရ၊ အသက်မုန့်ကို မည်သည့်အချိန်တိုင်းတွင် စားသောက်သင့်သနည်း။ ________________
၁၇။ မ၊ ၆း၃၃ အရ၊ တပည့်တော်တစ်ဦးသည် မည်သည့်အရာကို ဦးစားပေးရမည်နည်း။ ______________ နှင့် ______________ မည်သည့်အရာကို ထပ်၍ပေါင်းပေးမည်နည်း။ ________________
၁၈။ မာ၊ ၁း၃၅ အရ၊ မည်သည့်အချိန်တွင် ယေရှုသည် ခမည်းတော်နှင့်အတူအချိန်ယူသနည်း။ ________
ခမည်းတော်နှင့် အတူ မည်သည့်နေရာတွင်အချိန်ယူသနည်း။ ________________
မည်သည့်အရာကိုသူသည် လုပ်ဆောင်သနည်း။ ________________
၁၉။ တ၊ ၁း၁၄ အရ၊ တညီတညွတ်တည်း ကနဦးအသင်းတော်တို့သည် တညီတညွတ်တည်း ကြိုးစား၍ ________________ ပြုလျက် နေကြ၏။
၂၀။ ဧ၊ ၁း၁၆ တွင်၊ ပေါလုသည် ထိုသူတို့အတွက် အမြဲသတိရ လုပ်ဆောင်သောအရာသည် မည်သည့်အရာဖြစ်သနည်း။ ________________
၂၁။ ဧ၊ ၃း၁၉ တွင်၊ ပေါလုသည် ထိုသူတို့အတွက် မည်သည့်အရာနှင့်ပြည့်စုံဘို့ရန် ဆုတောင်းပေးသနည်း။
________________
၂၂။ ဧ၊ ၆း၁၈ တွင်၊ မည်သည့်အချိန်တွင် ပေါလုဆုတောင်းသနည်း။ ________________
မည်သည့်အရာတွက် ဆုတောင်းသနည်း။ ________________
၂၃။ ဖိ၊ ၁း၄ တွင်၊ ပေါလုသည်မည်သည့်အရာနှင့်ဆုတောင်းသနည်း။ ________________
အဘယ်ကြောင့်နည်း။ (၅) ________________
၂၄။ ကော ၄း၂-၄ တွင်၊ ဆုတောင်းပဌနာပြုခြင်းအမှုကို__________၊ ________________လျက် ______________ ကြလော့။ အဘယ်ကြောင့် ပေါလုသည် ဆုတောင်းရန် တောင်းဆိုခဲ့သနည်း။ (၃) ________
________________
၂၅။ ၁သက်၊ ၅း၁၇ နှင့် ရော၊ ၁း၉-၁၀ တွင်၊ မခြားမလပ်ဆုတောင်းခြင်းဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။
________________
၂၆။ မာ၊ ၃း၁၄ အရ၊ အဘယ်ကြောင့် ယေရှုသည် တပည့်တော် (၁၂)ပါးအား ရွေးချယ်ခဲ့နည်း။ "ကိုယ်တော်နှင့် ______________ ခြင်းငှါ၎င်း၊ ........ စေ ______________ ငှာ၊" (၁၅)
၂၇။ လု၊ ၁၀း၄၁ အရ၊ မာသသည် များစွာသောအရာတို့အတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ မာသမေ့လျော့သော "လိုအပ်သောအရာတစ်ခုကား" မည်သည့်အရာဖြစ်သနည်း။(၃၉)________________(၄၂)
မာရိမူကား ____________ အဘို့ကိုရွေးယူပြီ၊ ထိုအဘို့ကိုအဘယ်သူမျှ ____________ ရာဟုမိန့်တော်မူ၏။
၂၈။ လု၊ ၁၅း၄ အရ၊ ယေရှုသည် သင်နှင့်အတူ မိဿဟာယဖွဲ့လိုကြောင်းကို သင်သည်မည်သို့သိရှိသနည်း။
________________၊ ၁၅း၈ ________________ နှင့်
၁၅း၂၀-၃၂ ________________
________________
၂၉။ ယောဟန် ၆း၃၅ တွင်၊ ယေရှုကလည်း၊ "ငါသည် အသက် ____________ ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက် တဖန် ________________။ ငါ့ကိုယုံကြည်သောသူသည် နောက်တဖန် ________________"

၃၀။ ယော၊ ၁၅း၄ - ၁၀ တွင်၊ "တည်လျှင်" ဟူသောစကားလုံးအကြိမ်ပေါင်းမည်မျှရှိသနည်း။ ________
စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၌တည်နေခြင်းသည် မည်သည့်အဓိပ္ပါယ်ရှိကြောင်း သင်ထင်မြင်မိပါသနည်း။ ________

၃၁။ ယော၊ ၂၁း၁၅ - ၁၇၊ "သင်သည်ငါ့ကိုချစ်သလော" ဟူသောစကားကို ယေရှုသည်ပေတရုအား အကြိမ်ပေါင်းမည်မျှမေးခဲ့သနည်း။ ________ အကယ်၍သင်သည်လည်း သိုးစုများအား ကျွေးမွေးခြင်း နှင့်စောက်ရှောက်ခြင်းကို လုပ်ဆောင်သောအခါ၊ ယေရှုကိုချစ်ခြင်းဆိုသည့်အချက်မှာ အရေးကြီး ကြောင်းကို သင်သည်မည်သို့ထင်မြင်မိပါသနည်း။ ________

၃၂။ တ၊ ၄း၁၃ အရ၊ ထိုသူတို့သည် ပေတရုနှင့်ယောဟန်တို့ကို မည်သို့သတိပြုမိကြသနည်း။ ________

၃၃။ တ၊ ၂၀း၂၈ အရ၊ သင်းအုပ်တို့သည် မည်သူတို့ကို သတိထားကြည့်ရှုရမည်နည်း။ ________

၃၄။ ၂ကော၊ ၄း၁၆ အရ၊ အပြင်လူသည် ဖေါက်ပြန်ပျက်စီးခြင်းသို့ရောက်သော်လည်း၊ အဘယ်ကြောင့်ငါတို့သည် အားလျှော့၊ စိတ်ပျက်ခြင်းနှင့်ကင်းလွတ်ကြသနည်း။ ________၊ အတွင်းလူသည် မည်သည့်အချိန်တွင် ပြုပြင်ခြင်း ရှိသနည်း။ ________

၃၅။ ၁တိ၊ ၄း၁၆ အရ၊သင်သည်မည်သူနှင့် မည်သည့်အရာကို သတိပြုကြည့်ရှုရမည်နည်း။ ________
________ ထိုသို့စွဲမြဲစွာပြုလျှင်၊ ________၊ ________
ကယ်တင်လိမ့်မည်။

၃၆။ ဟေဗြဲ၊ ၅း၁၁ - ၁၄ အရ၊ကြေခဲသောအစာမဟုတ်ဘဲ၊နို့ကိုသာလိုအပ်သောတစ်စုံတစ်ဦး၏အကြောင်းကို ရှင်းပြပါ။ ________
